# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၉၄)၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ ၃-၃-၂၀၂၅၊ တနင်္လာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

မျက်စိဖြင့် (အကုသိုလ် မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ပထမနေ့ ကျင်းပ

ရန်ကုန် မတ် ၂

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆင္ဍသဂီါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ သို့ ❍



အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၂

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


ပေဖော်ဝါရီလအတွက် မန်ချက်စတာယူနိုက်တက်အသင်း တစ်လတာအကောင်းဆုံးကစားသမားဆုကို ဘရူနိုဖာနန်ဒက်စ် ဆွတ်ခူး

စာမျက်နှာ ၁၁

ထန်းရွက်ပုတီးလေးဆွဲပို့ ရွှေတိဂုံကို အရောက်သွားလို့ ဝယ်(ဆောင်းပါး)

စာမျက်နှာ ၁၇


## မတ် ၁ ရက်တွင် ဖြစ်ပေါ်ခဲ့သော ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၂

| | | |
|---|---|---|
| ရွှေကျင် | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၃၉ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၉ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| သိမ်ဇရပ် | ၃၉ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ခရမ်း | ၃၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပဲခူး | ၃၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၈ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မော်လမြိုင် | ၃၈ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |

၂၀၂၅ ခုနှစ်၊ မတ် ၃ ရက်၊ တနင်္လာနေ့။

မန္တလေး နေ့စဉ်

## မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်လျက်ရှိ

တောင်သူလယ်သမားများအနေဖြင့် မျိုးကောင်းမျိုးသန့်ရရှိသုံးစွဲနိုင်မှသာ သီးနှံများအရည်အသွေးရော အထွက်နှုန်းပါ တိုးတက်လာမည်ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားပေးဆောင်ရွက်လျက်ရှိသည်။

မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံလိုသူများအား မိမိတို့ဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် နိုင်ငံသားပိုင်ကုမ္ပဏီများသာမက နိုင်ငံခြားသားကုမ္ပဏီများပါ ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နိုင်ကြပြီဖြစ်ပါကြောင်း။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ရည်ရွယ်ချက်များနှင့် ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များတွင်ပါဝင်သော တောင်သူလယ်သမားများ သွင်းအားစု(မျိုးစေ့)များကို လွယ်ကူအဆင်ပြေစွာ ရရှိသုံးစွဲနိုင်ရေးအတွက် ပံ့ပိုးကူညီစီမံဆောင်ရွက်ရန်ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ မျိုးစေ့ပြပွဲများကို ၂၀၁၈ ခုနှစ်မှစတင်၍ ကျင်းပခဲ့ရာ ယခုမျိုးစေ့ပြပွဲ ၂၀၂၅ (Seed Fair 2025)မှာ သတ္တမအကြိမ်မြောက်ဖြစ်ကြောင်း၊ ယခုမျိုးစေ့ပြပွဲများကို အခြေတည်၍ အစိုးရဌာနနှင့် ပုဂ္ဂလိကတို့ နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မျိုးစေ့ကဏ္ဍပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မတ် ၁ရက် နံနက်ပိုင်းက နေပြည်တော် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ ကျင်းပသည့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မျိုးစေ့ပြပွဲ ၂၀၂၅(Seed Fair 2025)ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက တောင်သူများ အရင်းအနှီးပိုမိုတောင့်တင်းလာစေရေးနှင့် ဈေးကွက်ခိုင်မာရေးအတွက် လယ်ယာကုန်ထုတ်သမဝါယမအသင်းများ၊ မျိုးစေ့ထုတ်သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်နိုင်မှု အခွင့်အလမ်းများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်ကောင်စီနယ်မြေ၏ လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာရေးနှင့် တောင်သူလယ်သမား အကျိုးစီးပွားဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။ မျိုးစေ့ပြပွဲ ၂၀၂၅တွင် စိုက်ခင်း ၁၂ ကေ အသုံးပြုပြီး စိုက်ခင်းများတွင် နေကြာသီးနှံ ၁၂ မျိုး၊ အစေ့ထုတ်ပြောင်းခုနစ်မျိုး၊ စင်တင်ဟင်းသီးဟင်းရွက်မျိုးစုံ ၁၅ မျိုး၏ မျိုးပြား ၃၉ မျိုးကို စိုက်ပျိုးထားသည်။ ဌာနသုံးခု ကုမ္ပဏီ ၂၁ ခုတို့က ပြခန်း ၃၂ ခန်း ခင်းကျင်းပြသထားကာ ပြပွဲသို့ တောင်သူများက ကြည့်ရှုလေ့လာပြီး ကိုယ်တိုင်အကဲဖြတ်ပေးခြင်းဖြင့် တောင်သူများကြိုက်နှစ်သက်သော မျိုးများ ဖော်ထုတ်နိုင်မည့်အစီအစဉ်များ ထည့်သွင်းဆောင်ရွက်ထားကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များဆွေးနွေး



**မန္တလေး မတ် ၂**

မန္တလေးတက္ကသိုလ်(၁၉၂၅-၂၀၂၅)နှစ်(၁၀၀)ပြည့်ပွဲတော် စည်ကားသိုက်မြိုက် အောင်မြင်စွာကျင်းပနိုင်ရေး ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ၊ ဦးဆောင်ကော်မတီ၊ အမှုဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ၊ အလှူငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁နာရီက မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၅၃လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြားရှိ Hotel Hazel တွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတက္ကသိုလ်ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ ကျန်းမာရေး စောင့်ရှောက်မှု ကော်မတီနာယက ဦးတင်မောင်က မန္တလေးတက္ကသိုလ် (၁၉၂၅-၂၀၂၅)နှစ်(၁၀၀) ပြည့်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး အဖွင့်အမှာစကား ပြောကြားပြီး မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာ မောင်သင်းက မန္တလေးတက္ကသိုလ် နှစ်(၁၀၀) ပြည့်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဦးဆောင်ကော်မတီ၊ အမှုဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီများဖွဲ့စည်းထားမှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူဟောင်းများက အထွေထွေလုပ်ဆောင်ရမည့်ရှေ့လုပ်ငန်းစဉ်များဆွေးနွေးပြောကြားကြသည်။ ထို့နောက် မန္တလေးတက္ကသိုလ် ရာပြည့်ပွဲ ကျင်းပနိုင်ရေးအတွက် အလှူငွေ ပေးအပ်ပွဲကျင်းပရာ နာယက ဦးတင်မောင်+ဒေါ်ခင်မြမြ(သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်း)မှ ငွေကျပ်သိန်း(၁၀၀) အပါအဝင် ကျောင်းသား၊ ကျောင်းသူဟောင်းများက အလှူငွေများ လှူဒါန်းကြသည်။

မန္တလေးတက္ကသိုလ် နှစ်(၁၀၀) ပြည့်ပွဲတော်ကြီးတွင် ပညာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြို့မိမြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ အသက်(၇၀)အထက် ဆရာ၊ ဆရာမကြီးများအား ရာပြည့်အာစရိယပူဇော်ပွဲကျင်းပခြင်း၊ မန္တလေးတက္ကသိုလ် ရာပြည့်မဂ္ဂဇင်းထုတ်ဝေခြင်း၊ ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲများကျင်းပခြင်း၊ မန္တလေးတက္ကသိုလ် (၁၉၂၅-၂၀၂၅)အတွင်း တာဝန်ထမ်းခဲ့သော ပါမောက္ခချုပ်များနှင့်ပါမောက္ခများ မှတ်တမ်းဓာတ်ပုံများ၊ ဘာသာရပ်ဆိုင်ရာလှုပ်ရှားမှု သမိုင်းဓာတ်ပုံများပြသခြင်း၊ မန္တလေးတက္ကသိုလ်ထွက် စာပေ၊ ဂီတ၊ အနုပညာရှင်နယ်ပယ်မှ ထူးချွန်သူများ၏ မှတ်တမ်းဓာတ်ပုံများပါဝင်သည့် ရာပြည့်သမိုင်းပြခန်းပြသခြင်း၊ မန္တလေးတက္ကသိုလ် ဂီတဆည်းဆာနှင့် ပဒေသာကပွဲကျင်းပခြင်း၊ နိဗ္ဗာန်ဈေးပွဲတော်ခင်းကျင်းခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ နှစ်(၁၀၀)ပြည့်အမှတ်တရပစ္စည်းများ ရောင်းချခြင်းအစီအစဉ်များဖြင့်ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါင်ဝဲပုံ)**

**(၀၄၅)**

## တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေး ကြိုတင်ကွင်းဆင်းစစ်ဆေး

**မန္တလေး၊ မတ်လ ၂**



၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မတ်လ(၁၇)ရက်တွင် ကျင်းပမည်ဖြစ်သဖြင့် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်တွင် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲကို အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် ယနေ့ နံနက်ပိုင်းက မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီမှကြိုတင်၍ စာစစ်ဌာနများသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင်ချမ်းအေးသာစံမြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း ဦးဆောင်သော အဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ စာစစ်ဌာနများဖြစ်သည့် အမှတ်(၁၂)၊ အမှတ်(၁၄)နှင့် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းများသို့ ကွင်းဆင်းကာ စာဖြေခန်းများ ဆောင်ရွက်ထားရှိမှုများ၊ စာဖြေခန်းများတွင် လုံလောက်သော အလင်းရောင်ရရှိရေး၊ စိတ်အေးချမ်းစွာဖြေဆိုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ လုံခြုံရေးဆောင်ရွက်မည့် အစီအမံများ၊ ကျန်းမာရေးစောင့်ရှောက်မှု စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများကို စစ်ဆေးရာ မြို့နယ်ပညာရေးမှူး ဦးကျော်နိုင်သွင်၊ စာစစ်ဌာနအလိုက် ကြီးကြပ်ရေးမှူးဆရာ၊ ဆရာမများ၊ ကျောင်းအုပ်ကြီးများက ရှင်းလင်းတင်ပြသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို စာစစ်ဌာန(၃)ခုဖြင့် စစ်ဆေးသွားမည်ဖြစ်ပြီး အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင်(၄၉၂)ဦး၊ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် (၅၂၇)ဦးနှင့် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် (၅၅၀)ဦး စုစုပေါင်း (၁၅၆၉)ဦး ဖြေဆိုမည်ဖြစ်ပြီး မန္တလေးပြည်သူ့ဆေးရုံကြီးတွင်လည်း စာစစ်ဌာနကို ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၇၂)**

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၄၇ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
( ၂၀၂၅ ခုနှစ်၊ မတ်လ ၂ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းနယ်ပယ်အလိုက် ထူးချွန်ပြောင်မြောက်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**
**စည်သူဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးဝဏ္ဏမောင်လွင် | အဖွဲ့ဝင် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| ၂။ | ဦးသန်းဆွေ | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၃။ | ဦးအောင်သောင်း | အဖွဲ့ခေါင်းဆောင်(ငြိမ်း) | ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ |
| ၄။ | ဦးအောင်မင်း | ဒုတိယဥက္ကဋ္ဌ(ငြိမ်း) | ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ |
| ၅။ | ဦးသိန်းဇော် | ဒုတိယဥက္ကဋ္ဌ(ငြိမ်း) | ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ |
| ၆။ | ဦးခင်မောင်စိုး | အဖွဲ့ဝင်(ငြိမ်း) | ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ |
| ၇။ | ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း(ငြိမ်း) | အဖွဲ့ဝင်(ငြိမ်း) | ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ |
| ၈။ | ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း) | အတွင်းရေးမှူး(ငြိမ်း) | ငြိမ်းချမ်းရေးကော်မရှင် |
| ၉။ | ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး(ငြိမ်း) | အဖွဲ့ဝင်(ငြိမ်း) | ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၄၆ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
( ၂၀၂၅ ခုနှစ်၊ မတ်လ ၂ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာတော်သုံးရပ်တိုးတက်စည်ပင်ထွန်းကားပြန့်ပွားစေရန်အလို့ငှာ သာသနာတော်တွင် ပစ္စည်းလေးပါးတို့ဖြင့် စွမ်းစွမ်းတမံ ထောက်ပံ့လှူဒါန်းခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

| | | |
|---|---|---|
| ၁။ | ဒေါ်သန်းသန်းနွယ် | ဇေယျာသီရိမြို့နယ်၊ နေပြည်တော် |
| ၂။ | ဒေါ်ခင်စောနှင်း | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |
| ၃။ | ဒေါ်ခင်အေးမြင့် | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |
| ၄။ | ဒေါ်ထွေးထွေးညွန့် | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %)ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများထုတ်ချေးခဲ့သည့်အတွက် ချေးငွေသက်တမ်း ၃ နှစ် ပြည့်မြောက်ကျော်လွန်ခဲ့ပြီဖြစ်၍ ကုမ္ပဏီ/ လုပ်ငန်းများအား ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့် အတိုးများအား အမြန်ဆုံးပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန်ကျန်ရှိနေသည့် အတိုး၊ အရင်း လုံးဝ မပေးဆပ်သည့် ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် အချိန်မီ လာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် ပထမအကြိမ် အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်- ၁၉ ရန်ပုံငွေမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ အတိုး၊ အရင်း လုံးဝ မပေးဆပ်သည့်ကုမ္ပဏီ/ လုပ်ငန်း ၄၈၆ ခုအား ကုမ္ပဏီ/ လုပ်ငန်းအမည်၊ လုပ်ငန်းရှင်အမည်၊ နေရပ်လိပ်စာ အပြည့်အစုံတို့ဖြင့် သတင်းစာတွင် ကြေညာမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်
စီးပွားရေးသက်ရောက်မှုများအပေါ်
ကုစားရေးလုပ်ငန်းကော်မတီ

## မြေပြင်လူဦးရေစာရင်း ကွင်းဆင်း စိစစ်မှုများ ဆောင်ရွက်

**ပုသိမ်ကြီး မတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့နယ်မြေပြင်လူဦးရေစာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီမှ မြို့နယ်အတွင်းရှိ လူဦးရေစာရင်း မှန်ကန်စေရေး၊ မြေပြင်ကွင်းဆင်း စာရင်းစိစစ်မှုများကို ဆောင်ရွက်လျက်ရှိရာ မတ် ၁ ရက် နံနက်ပိုင်းက ကျောက်မီးကျေးရွာ၊ ဘိုတက်ကုန်းကျေးရွာတို့၌ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

မြေပြင်ကွင်းဆင်း ဆောင်ရွက်ရာတွင် အိမ်ထောင်စု အမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်း၊ နေထိုင်ခြင်း ရှိ၊ မရှိ၊ စာရင်းပြုစုခြင်း၊ သေဆုံးစာရင်းများ အတည်ပြုခြင်း၊ စာရင်းရှိသော်လည်း မြေပြင်တွင် နေထိုင်မှု မရှိသူများနှင့် စာရင်းမရှိ နေထိုင်သူများ စာရင်းပြုစုခြင်း၊ မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ခြင်း မရှိသူများ၊ အိမ်ထောင်စုစာရင်း မရှိသူများအား စိစစ်၍ အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်လက်မှတ်တစ်ခုခု ရရှိစေရေးတို့ကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါကွင်းဆင်းရာသို့ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်၊ မြို့နယ်ဦးစီးအရာရှိ ဦးကျော်မင်းထွန်း၊ မြို့နယ်မြေပြင်စာရင်းကောက်ယူရေး ကော်မတီဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၀၉၅)

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ။**

○ ရွှေဖုံးမှ

အစည်းအဝေး မစတင်မီ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအား နဝကမ္မအလှူတော်ငွေများနှင့် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော ပရိတ်တော်၊ သုတ်တော်၊ ဒေသနာတော်များ ပါဠိမြန်မာပြန်စာအုပ်များကို ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသက သဘာပတိဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇေက အခမ်းအနားမှူး ဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်အားလုံးက "သာသန သာ စ လောကဿ ဝုဋ္ဌိ ဘဝတု သဗ္ဗဒါ" အစချီသော နှစ်ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အခမ်းအနားကို ဖွင့်လှစ်တော်မူကြသည်။

ဆက်လက်၍ အခမ်းအနားမှူးဆရာတော်က အစည်းအဝေး ကျင်းပမည့် ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၄၊ ၅၊ ၆ ရက်၊ ၂၀၂၅ ခုနှစ် မတ် ၂၊ ၃၊ ၄ ရက်များအတွက် အစည်းအဝေး အစီအစဉ်များကို လျှောက်ထားပြီး အစည်းအဝေးကြီး၏ အတည်ပြုချက်ကိုရယူသည်။

## ဩဝါဒကထာများကို နာယူ

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများဖြစ်ကြသော ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုတ၊ ပြည်မြို့ ရွှာဘဲတောင်ပေါ် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရ၊ တာမွေမြို့နယ် ဒေဝကုန္တရီပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တထေရာနန္ဒ၊ မြိတ်မြို့ လှည်းဘီးပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘနန္ဒနှင့် စလင်းမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေတုတို့၏ ဩဝါဒကထာများကို နာယူကြသည်။

ထို့နောက် အစည်းအဝေး သဘာပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ သာရဏီယဩဝါဒကထာကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ၁၃၈၅ ခုနှစ် တပေါင်းလမှ ၁၃၈၆ ခုနှစ် ယနေ့အထိ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ အတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းများကို အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ပြီး နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

## တင်သွင်းလျှောက်ထား

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပပြီး တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက တင်သွင်းလျှောက်ထားသည်။

ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်းရာ ဝိနိစ္ဆယရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟ ကလည်းကောင်း၊ သာသနာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ ကလည်းကောင်း၊ ပညာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယကလည်းကောင်း ဖတ်ကြားတင်သွင်းလျှောက်ထားပြီး မွန်းလွဲပိုင်းတွင် ပထမနေ့အစည်းအဝေးကို ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာဆွမ်းအလှူရှင်အဖြစ် ဦးသိန်းမောင်နှင့်ဇနီး ဒေါ်ပါးပါးစန္ဒီ ပရဆေးမိသားစု အမှတ် ၂၄၀ ကုန်ဈေးတန်းလမ်း ရန်ကုန်မြို့က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမျိုးသားဖလင်မော်ကွန်းတိုက် တည်ဆောက်မည့်မြေနေရာနှင့် ရုပ်ရှင်ဖလင်များအား ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းဆောင်ရွက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဦးကြည်စိုးထွန်းနှင့်အတူ ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိ ဖလင်မော်ကွန်းတိုက်မှ ရုပ်ရှင်ဇာတ်ကားများအား ဖလင်မှဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ကမ္ဘာ့အေးဘုရားလမ်းနှင့် အုတ်ပုံဆိပ်လမ်းထောင့်ရှိ အမျိုးသားဖလင်မော်ကွန်းပြတိုက် တည်ဆောက်ရန် လျာထားသည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဖလင်မော်ကွန်းတိုက်၌ မြန်မာ့ရုပ်ရှင်ဇာတ်ကားများနှင့် သတင်းမှတ်တမ်းကားများအား ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖလင်မော်ကွန်းတိုက် အဆောက်အအုံသို့ရောက်ရှိရာ ညွှန်ကြားရေးမှူး ဦးရဲလင်းမြင့်က မြန်မာ့ရုပ်ရှင်ဇာတ်ကားများနှင့် သတင်းမှတ်တမ်းကားများအား ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်ဖလင်များနှင့် သတင်းမှတ်တမ်းကားများမှာ မြန်မာနိုင်ငံ၏သမိုင်းယဉ်ကျေးမှုနှင့်ပုံရိပ်များအား မီးမောင်းထိုးပြနေသည့်အရာများဖြစ်သည့်အတွက် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ အသက်ဝိညာဉ်ဖြစ်သကဲ့သို့ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုသမိုင်းလည်းဖြစ်ကြောင်း၊ ယခင်က ယင်းဖလင်များကို ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲထိန်းသိမ်းနိုင်မှု မရှိခဲ့ခြင်းကြောင့် အချို့သော ရုပ်ရှင်ဇာတ်ကားများနှင့် သတင်းမှတ်တမ်းကားများ ပျောက်ဆုံးပျက်စီးခဲ့ရသည်ကို စိတ်မကောင်းဖွယ် တွေ့ရပါကြောင်း။

မိမိတို့တာဝန်ယူချိန်မှစ၍ ဖလင်သန့်စင်စက်များ၊ ဖလင် Scanner စက်များကို ဝယ်ယူပေးခဲ့ပြီး ဖလင်မှဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းနိုင်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ ရုပ်ရှင်ဇာတ်ကားအချို့နှင့် သတင်းမှတ်တမ်းကားအချို့ကို ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းထားနိုင်ခဲ့ပြီး သတ်မှတ်ထားသည့် အရည်အသွေးများအတိုင်း စနစ်တကျ ဆက်လက်ဆောင်ရွက်ရန်လိုကြောင်း၊ ဖလင်မော်ကွန်းတိုက်တွင် ထိန်းသိမ်းထားရှိသည့် ဖြူ/မည်းရုပ်ရှင်ဇာတ်ကား ၁၂ ကား၊ ဆေးရောင်စုံဇာတ်ကား ၁၅၄ ကားနှင့် သတင်းမှတ်တမ်းကား ၂၇၈၁ ကားတို့ကို ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရန်နှင့် နိုင်ငံတကာအဆင့်မီအမျိုးသားဖလင်မော်ကွန်းတိုက်ကြီးတစ်ခု တည်ဆောက်၍ စနစ်တကျထိန်းသိမ်းနိုင်ရန် ရည်မှန်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် သက်တမ်းနှစ် ၁၀၀ ခန့်ရှိသည့် မော်ကွန်းရုပ်ရှင်အဆောက်အအုံအား ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မည့် ရုပ်ရှင်ပညာသင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကမ္ဘာ့အေးဘုရားလမ်း အုတ်ပုံဆိပ်လမ်းထောင့်ရှိ အမျိုးသားဖလင်မော်ကွန်းတိုက် တည်ဆောက်ရန် လျာထားသည့်မြေနေရာနှင့် ဆောက်လုပ်မည့်အစီအစဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြန်မာရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမတွင် မြန်မာ့ရေးရာလေ့လာရေးအဖွဲ့နှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)တို့မှ အဖွဲ့ဝင်များအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများ ဆွေးနွေးရာတွင် မြန်မာ့ရေးရာလေ့လာရေးအဖွဲ့က စီစဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာရေးရာ၊ ကမ္ဘာရေးရာ၊ တိုင်းရင်းသားရေးရာ စာအုပ်များသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာအကြောင်းအရာများ၊ နည်းပညာရပ် များ၊ သဘာဝပတ်ဝန်းကျင်နှင့် ဥပဒေဆိုင်ရာ အကြောင်းအရာများကို ထည့်သွင်း၍ ကဏ္ဍစုံအောင် ဖော်ပြပေးနေသည်ကို တွေ့ရပါကြောင်း၊ ယင်းစာအုပ်များကို ပိုမိုကောင်းမွန်ပြည့်စုံစေရန် စီစဉ်ထုတ်ဝေရမည်ဖြစ်ပြီး ကျယ်ပြန့်စွာဖြန့်ဝေနိုင်ရန် ဆောင်ရွက်စေလိုကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းများကို ကမ္ဘာသို့ပျံ့နှံ့ရောက်ရှိစေရေးနှင့် ပြောင်းလဲနေသည့် ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်များပေါ်တွင် ပြောင်းလဲလိုက်ပါဆောင်ရွက်နိုင်ရေးအတွက် **"မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့"** ကို ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါ ကြောင်း။

ယခုအခါ သက်ဆိုင်ရာကဏ္ဍအလိုက် သုတေသနအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပြီး ကိုယ့်လမ်းကြောင်းနှင့်ကိုယ် နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန်နှင့် နိုင်ငံအတွင်းသာမက ပြည်ပသို့ပါ ထိုးဖောက်ဆောင်ရွက်၍ ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လတွင် နိုင်ငံတကာပညာရှင်များပါဝင်သည့် ဖိုရမ်ကြီးတစ်ခု ကျင်းပကာ နိုင်ငံ့ပုံရိပ်မြှင့်တင်ရေးနှင့် ၂၀၂၅ ခုနှစ်တွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ဆွေးနွေးရှာဖွေကြမည်ဖြစ်ပါကြောင်း၊ ယင်းဖိုရမ်တွင် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေများကို ဖော်ပြရင်း နိုင်ငံတကာမှ မိမိတို့နိုင်ငံအပေါ် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများရရှိရန် မျှော်မှန်းရမည်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုနှင့် တာဝန်ရှိသူများက မကြာမီကျင်းပမည့် **"၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ"** ခေါင်းစဉ်ဖြင့် ကျင်းပမည့်ဖိုရမ်အတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆွေးနွေးခဲ့ကြောင်းသိရသည်။

သတင်းစဉ်

# ရမည်းသင်းမြို့၌ ပရိယတ္တိသာသနာနုဂ္ဂဟစာမေးပွဲ စာအောင်ဆုနှင်းသဘင် ကျင်းပ

ရမည်းသင်း မတ် ၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့နယ် ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြီးမှူးကျင်းပသော မြို့နယ်လုံးဆိုင်ရာ အကြိမ် (၃၀) မြောက် ပရိယတ္တိသာသနာနုဂ္ဂဟစာမေးပွဲစာအောင် ဆုနှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရမည်းသင်းမြို့ သီလဝခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဖတ်ဖွင့်လှစ်ပြီး ရန်အောင်မြင်ကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူကြသည်။ ထို့နောက် အကျိုးဆောင် ဦးဝင်းရွှေ(ပညာရေး-ငြိမ်း)က ကျေးဇူးတင်ဝမ်းမြောက်စကား လျှောက်ထားသည်။ ယင်းနောက် ရွာတန်းဓမ္မနာဒဆရာတော်က ပရိယတ္တိသာသနာနုဂ္ဂဟစာမေးပွဲနှင့်စပ်လျဉ်း၍ မိန့်ကြားပြီး ရန်အောင်မြင်ကျောင်း ဆရာတော်ကြီး ဟောကြားသော ဩဝါဒကိုခံယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ဆက်လက်၍ အလှူရှင်အသီးသီးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ အခြေပြုမူလတန်း၊ ဒုတိယအဆင့်၊ ပထမအဆင့် အောင်မြင်ကြသော ရဟန်း၊ သာမဏေ၊ သီလရှင် ၂၇၃ ပါးတို့အား စာအောင်ဆုနှင့် ဆုအောင်လက်မှတ်များကို တက်ရောက်ကြသော ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဘာသာရေးအဖွဲ့များမှ ပုဂ္ဂိုလ်များက ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

# မိုးလေဝသဖြစ်စဉ်များ

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး၊ အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင် သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ

**ဆရာတော်အရှင်သူမြတ်တို့ဘုရား-**

သဗ္ဗညုဘုရားရှင်သည် လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့အား ၄၅ ဝါပတ်လုံး ဟောကြားတော်မူအပ်သော အဆုံးအမဩဝါဒခေါ် သာသနာတော်မြတ်ကြီးသည် အစ၏ကောင်းခြင်း အာဒိကလျာဏဂုဏ်၊ အလယ်၏ကောင်းခြင်း မဇ္ဈေကလျာဏဂုဏ်၊ အဆုံး၏ကောင်းခြင်း ပရိယောသာန ကလျာဏဂုဏ် သုံးပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် အလုံးစုံပြည့်စုံခြင်း ကေဝလပရိပုဏ္ဏဂုဏ်၊ အလုံးစုံထက်ဝန်းကျင် စင်ကြယ်ခြင်း ကေဝလပရိသုဒ္ဓဂုဏ်များရှိတော်မူပါသည်ဘုရား။ ထိုကျေးဇူးဂုဏ်ထူးများရှိတော်မူသော အဆုံးအမဩဝါဒခေါ် သာသနာတော်မြတ်ကြီးနှင့် ပတ်သက်၍ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဦးတည်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ပထမအကြိမ်သက်တမ်းမှ အဋ္ဌမအကြိမ်သက်တမ်းတိုင်အောင် ဆောင်ရွက်ခဲ့ပြီး ၄၅ နှစ် ခရီးစဉ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်ကို သံဃာ့အဖွဲ့အစည်းဝင် အရှင်မြတ်များအားလုံး သိရှိတော်မူကြပြီးဖြစ်ပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ဆောင်ရွက်ချက်များမှာလည်း အဆုံးအမဩဝါဒခေါ် သာသနာတော်မြတ်တည်းဟူသော ဓမ္မဝိနယများနှင့် ညီညွတ်သည်သာမက ယင်းဓမ္မဝိနယတို့နှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားသော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်း၊ ဝိနည်းဓမ္မကံဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ သံဃနာယကလက်စွဲ၊ ဝိနိစ္ဆယ လက်စွဲ၊ ညွှန်ကြားလွှာစသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လာခဲ့ကြခြင်း ဖြစ်ပါသည် ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

အမှန်အားဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားရေး ကိစ္စကြီးသည် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဝင် အရှင်မြတ်များ အားလုံးနှင့်ဆိုင်သည့် အများဆိုင်လုပ်ငန်းကြီးဖြစ်၍ အားလုံးကပင် ဝိုင်းဝန်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကြီးတစ်ရပ်ဖြစ်ပါသည်ဘုရား။ ထို့မျှမက ဘုရားရှင် လက်ထက်တော်က ချီးမြှင့်တော်မူခဲ့သည့် အဓိပ္ပာယ်နှင့်ဖွင့်ဆိုပါက ဘုရားရှင်၏ တပည့်သာဝက ရဟန်း၊ သာမဏေ၊ သီလရှင်၊ ဥပါသကာ၊ ဥပါသိကာမတို့အပါအဝင် ဗုဒ္ဓဘာသာဝင်တိုင်း၏ စုပေါင်းအားဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်ကြီးတစ်ရပ်ဟု ဆိုနိုင်ပါသည်ဘုရား။ ထိုသို့ စုပေါင်းညီညာဆောင်ရွက်ကြမှသာလျှင် အရှင်မဟာကဿပမဟာထေရ်မြတ်ကြီး၏ ဦးတည်ချက်လည်း အောင်မြင်နိုင်မည် ဖြစ်ပါသည်ဘုရား။ ထိုဦးတည်ချက်နှင့်ပတ်သက်၍ သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ စာမျက်နှာ ၂၆ ၌



"ဣဒံ မဟာကဿပတ္ထေရေန ဒသဗလဿ သာသနံ

ပဉ္စဝဿ သဟဿပရိမာဏကာလံ ပဝတ္တနသမတ္ထံ ကတံ၊

ရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် သဗ္ဗညုဘုရားရှင်၏ ဤသာသနာတော်မြတ်ကို အနှစ်ငါးထောင်အတိုင်းအရှည်ရှိသော ကာလ ပတ်လုံး ဖြစ်ထွန်းတည်တံ့စေခြင်းငှာ စွမ်းနိုင်ခြင်းကို ပြုခဲ့လေပြီ" ဟူသော ဦးတည်ချက်ကို တပည့်တော်တို့ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းဝင်များအနေဖြင့် စုပေါင်းညီညာ ဆောင်ရွက်နိုင်မှသာလျှင် ဖြည့်ဆည်း နိုင်ကြမည်ဖြစ်ပြီး အနာဂတ်သာသနာတော်ကြီး သည်လည်း လျှောက်ထားခဲ့ပြီးသည့် ကေဝလပရိပုဏ္ဏဂုဏ်၊ ကေဝလပရိသုဒ္ဓဂုဏ်များနှင့် ပြည့်စုံနိုင်မည်ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ပထမအကြိမ်သက်တမ်းမှ အဋ္ဌမအကြိမ် သက်တမ်းပြည့်ကာ နဝမအကြိမ်သက်တမ်းသို့ ဝင်ရောက်လာပြီဖြစ်၍ အတွေ့အကြုံများရင့်ကျက်ပြီး အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်ဘုရား။ သာသနာတော်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များသည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားရန် ဦးတည်ချက် သက်သက်ဖြင့် ဆောင်ရွက်ရသည်ကို အဖွဲ့ဝင် ဆရာတော်တို့သိရှိတော်မူကြပြီး ဖြစ်ပါသည်ဘုရား။ ထိုသို့ဆောင်ရွက်ကြရာတွင် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့၏ ဆောင်ရွက်ချက်များအပေါ်၌ အောင်မြင်မှု၊ အားနည်းမှု၊ ချွတ်ချော်မှု၊ လျော့ရဲမှု စသည်များကို ကာလသုံးပါးကိုမျှော်ရှု၍ ပြန်လည် လေ့လာသုံးသပ်ရန်လိုအပ်ကြောင်း လျှောက်ထား လိုပါသည်ဘုရား။ အောင်မြင်သောဆောင်ရွက်ချက် အပေါ်၌သာ ဂုဏ်ယူနေပြီး အားနည်းမှု၊ ချွတ်ချော်မှု၊ လျော့ရဲမှု စသည်များကိုမူ လျစ်လျူရှု၍ မနေသင့်ကြောင်း သတိပြုကြစေလိုပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်မြတ်များသည် ဘုရားရှင်၏ တပည့်သား သံဃာတော်များဖြစ်ကြသည့် အားလျော်စွာ သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးရပ် အကျင့်မြတ်များကို ဖြည့်ကျင့်တော်မူကြသော သုပ္ပဋိပန္နပုဂ္ဂိုလ်မြတ်များလည်း ဖြစ်ကြပါသည်ဘုရား။ ထိုသို့ဖြည့်ကျင့်ကြသော ဘုရားရှင်၏ တပည့်သား သံဃာတော်များ မျက်မှောက်ခေတ်တွင်ရှိနေကြခြင်း ကြောင့် သာသနာတော်မြတ်ကြီးလည်း ကေဝလ ပရိပုဏ္ဏ၊ ကေဝလပရိသုဒ္ဓဖြစ်တော်မူပြီး ယနေ့ တိုင်အောင် တည်တံ့နေခြင်းဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သိက္ခာသုံးရပ်အကျင့်မြတ်ကို ဖြည့်ကျင့် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အချို့သောရဟန်း သာမဏေတို့သည် အလေးအမြတ်ထားတော်မမူဘဲ သမဏသာရုပ္ပမဖြစ်သော ဌာနနေရာတို့၌ မအပ် မရာဖြစ်သောအမှုကိစ္စများကို ဆောင်ရွက်နေကြ သဖြင့် သာသနာတော်၏ ဘုန်းကျက်သရေတန်ခိုးတော် လည်း ညစ်နွမ်းညှိုးမှိန်စေပါသည်ဘုရား။ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ ပထမအုပ် စာမျက်နှာ ၄၅၊ ၄၆ ၌ သီလ သိက္ခာ ဖြည့်ကျင့်ခြင်းနှင့်ပတ်သက်၍ ကျယ်ကျယ် ပြန့်ပြန့် ဖော်ပြထားရာ လိုရင်းအဓိပ္ပာယ်သဘော အနေဖြင့် ဖော်ပြပါအတိုင်းလျှောက်ထားလိုပါသည် ဘုရား-

- သီလသိက္ခာပြည့်စုံပြီး ပရိယတ်မပြည့်စုံသူကို ချီးမွမ်းအပ်၏။
- သီလသိက္ခာမပြည့်စုံ ပရိယတ်ပြည့်စုံသူကို ကဲ့ရဲ့အပ်၏။
- သီလသိက္ခာနှင့်ပရိယတ်(၂)ပါးစုံ မပြည့်စုံသူကို ကဲ့ရဲ့အပ်၏။
- သီလသိက္ခာနှင့်ပရိယတ်(၂)ပါး ပြည့်စုံသူကို ရွှေစင်တုံးကဲ့သို့ လူသာမက နတ်ဗြဟ္မာများပင် ချီးမွမ်းအပ်ကုန်၏။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

အထက်ပါဒေသနာတော်အရ သီလသိက္ခာနှင့် ပြည့်စုံမှုသည် ပဓာနအဓိကဖြစ်ကြောင်း သိရှိရ သကဲ့သို့ ထိုထက်ပဓာနကျလိုပါက သီလသိက္ခာနှင့် ပရိယတ် ၂ ပါးစုံ ပြည့်စုံရန် လိုအပ်မည်ဖြစ်ပါသည် ဘုရား။ ထို့ကြောင့် တပည့်တော်တို့ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ရှိ သံဃာ့အဖွဲ့အစည်း ဝင်အားလုံးတို့သည် မိမိတို့အတွက် အဓိကကျသော သီလသိက္ခာကို အလေးအမြတ်ထားဖြည့်ကျင့်တော် မူကြလျှင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွား ရေး လုပ်ငန်းစဉ်ကြီးအတွက် အထူးကြောင့်ကြ စိုက်ဖွယ်မရှိသည့်အပြင် "**အပ္ပသန္နာနံ ဝါ ပသာဒါယ၊ ပသန္နာနံ ဝါ ဘိယျောဘာဝါယ**" ဒေသနာတော် အတိုင်း မကြည်ညိုသေးသူများ ကြည်ညိုလာပြီး ကြည်ညိုပြီးသူများ ပို၍ကြည်ညိုလာကြမည်ဖြစ်ပါ သည်ဘုရား။ ထိုကြည်ညိုလာမှုသည်ပင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး၏ အဓိကအကြောင်း ရင်းဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး အပါအဝင် ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့အဆင့်ဆင့် တို့သည် မြတ်စွာဘုရားရှင်၏ အဆုံးအမသာသနာတော် မြတ်ကြီး ကေဝလပရိပုဏ္ဏ၊ ကေဝလပရိသုဒ္ဓဂုဏ်တော် များနှင့်ပြည့်စုံစေရန် စွမ်းအားရှိသမျှ ကြိုးစားအားထုတ် ရမည့်အဖွဲ့များဖြစ်ပါသည်ဘုရား။ ခေတ်ကာလအား လျော်စွာ တိုးတက်လာသော အသစ်အသစ်သော လုပ်ငန်းများကိုလည်း မျက်ခြည်မပြတ်စေမူ၍ အားနည်းချက်၊ အားသာချက်များကို စေ့ငုဝေဖန်ကာ မြတ်ဗုဒ္ဓ၏ အဆုံးအမသာသနာတော်ကြီး သန့်ရှင်း တည်တံ့ပြန့်ပွားစေရန် သတိပြုဆောင်ရွက်ကြရမည် ဖြစ်ပါသည်ဘုရား။ သို့ဖြစ်ပါ၍ တပည့်တော်တို့ သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်တို့သည် မိမိတို့အပေါ် ကျရောက်လာသည့် တာဝန်အသီးသီးနှင့်စပ်လျဉ်း၍ "ငါ့အား သာသနာတော်မြတ်ကြီး၏ အကျိုးစီးပွား အတွက် ဆောင်ရွက်ခွင့်ပေးခြင်းဖြစ်ပေသည်" ဟု သဘောထားတော်မူကြပြီး သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့် သမာဓိကို စောင်းကြိုးညှိသကဲ့သို့ ညီအောင်ညှိ၍ ဆောင်ရွက်တော်မူကြပါဟု လျှောက်ထားရင်း တပည့်တော်၏ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး) ကြည့်ရှုစစ်ဆေး



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)အား ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချာလီသန်း သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ အမှတ်(၂) စက်မှု သင်တန်းကျောင်းသို့ ရောက်ရှိ စစ်ဆေးသည်။

ဦးစွာ အစည်းအဝေးခန်းမ၌ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်မှုကျွမ်းကျင်သင်တန်းများ ဖွင့် လှစ်ခဲ့မှု၊ သင်တန်းကျောင်းအဆင့် မြှင့်တင်ရေးလုပ်ငန်းများဆောင် ရွက်ခဲ့မှု၊ သင်တန်းဖွင့်လှစ်ရန် စီမံ ထားရှိမှု အခြေအနေတို့ကို ရှင်း လင်းတင်ပြရာ ပြည်ထောင်စု ဝန်ကြီးက စက်မှုကျွမ်းကျင်သင် တန်းများအား နိုင်ငံတော်မှ ချမှတ် ထားသည့် မူဝါဒများနှင့်အညီ ဖွင့် လှစ်ရန်၊ သင်တန်းကျောင်းအနေ ဖြင့် ဒေသ၌ ဆောင်ရွက်နေသည့် စက်မှုလုပ်ငန်းများနှင့် ကိုက်ညီ သည့် ဘာသာရပ်များကို လေ့ကျင့် သင်ကြားပေးနိုင်ရေး စီမံဆောင် ရွက်ရန်၊ သင်တန်းကျောင်းမှ လေ့ကျင့်သင်ကြား မွေးထုတ်ခဲ့ သော သင်တန်းသားများသည် နိုင်ငံပိုင်စက်ရုံ/အလုပ်ရုံများ၊ ကုန် ထုတ်လုပ်မှုလုပ်ငန်းများ ဆောင် ရွက်နေသည့် MSME များတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ကြ မည်ဖြစ်၍ အမှန်တကယ်တတ် မြောက်ကျွမ်းကျင်မှုရှိအောင် လေ့ ကျင့်သင်ကြားပေးရန်၊ လေ့ကျင့် သင်ကြားပေးနေသည့် ဘာသာရပ် အသီးသီး၏ သင်ရိုးညွှန်းတမ်းများ ကို ပြန်လည်သုံးသပ်၍ ခေတ်နှင့် လျော်ညီမှုရှိအောင် ပြင်ဆင်ရေးဆွဲ ရန်၊ နိုင်ငံတော်၏ စက်မှုလက်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် စက်မှု လက်မှု ကျွမ်းကျင်လုပ်သားများ လေ့ကျင့် မွေးထုတ်နိုင်ရေးကို အလေးထားဆောင်ရွက်ရန် မှာ ကြားသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်းဖွင့်လှစ်ရန် စာ သင်ခန်းမများ ပြင်ဆင်ထားရှိမှုနှင့် သင်ထောက်ကူစက်ပစ္စည်းကိရိယာ များကို လှည့်လည်ကြည့်ရှုစစ် ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားသို့ တက်ရောက်

**မန္တလေး မတ် ၂**

မန္တလေးတိုင်းဒေသကြီး (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ ဆင်ဖြူကန်ကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ တောင်သူများနှင့် ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့များမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးအတွင်း စာတွေ့လက်တွေ့ ကွင်းဆင်းနေသည့် တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းကျောင်း(အင်းစိန်)၊ တစ်နှစ်ဒီပလိုမာသင်တန်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း အင်အား ၁၀၀၀ ဦးကျော် တက်ရောက်ခဲ့ကြသည်။

တောင်သူလယ်သမားစု၏ ပေါင်းစည်းအင်အားဖြင့် အမျိုးသားအကျိုးစီးပွားကဏ္ဍ မြှင့်တင်ရန်၊ နိုင်ငံ၏အချက်အချာစီးပွားရေးမဏ္ဍိုင်အဖြစ် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံ၏စီးပွားရေးကို တစ်တပ်တစ်အား မြှင့်တက်အောင် ဖန်တီးပေးနေသော ကျေးဇူးရှင် တောင်သူလယ်သမားကြီးများကို ဂုဏ်ပြုသောအားဖြင့် ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။



(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သီးနှံစိုက်ခွမ်းအား ထူးချွန်ဆုရရှိသော ခရိုင်နှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆုရရှိသော မြို့နယ်များအား ဆုများချီးမြှင့်ရာ သီးနှံစိုက်ခွမ်းအား ထူးချွန်ဆုရရှိသော ကျောက်ဆည်ခရိုင်၊ မိုးစပါးသီးနှံစိုက်ပျိုး ထုတ်လုပ်မှုထူးချွန်ဆုရရှိသော စဉ့်ကိုင်မြို့နယ်နှင့်နွေစပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆုရရှိသော ကျောက်ဆည်မြို့နယ်တို့အားလည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက မြေပဲသီးနှံစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆုရရှိသော ကျောက်ပန်းတောင်းမြို့နယ်၊ နှမ်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆုရရှိသော ကျောက်ဆည်မြို့နယ်၊ နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆုရရှိသော တံတားဦးမြို့နယ်တို့အား ထူးချွန်ဆု၊ ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆုရရှိသော ရမည်းသင်းမြို့နယ်၊ ပဲတီစိမ်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသော မြစ်သားမြို့နယ်တို့အား ထူးချွန်ဆု၊ ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုငွေများကိုလည်းကောင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက မတ်ပဲသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသော ပုသိမ်ကြီးမြို့နယ်၊ ပဲစင်းငုံသီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသော ပျော်ဘွယ်မြို့နယ်တို့အား ထူးချွန်ဆု၊ ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုငွေများကိုလည်းကောင်း ကိုယ်စားလှယ်များထံ ချီးမြှင့်ခဲ့ပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ကျောင်းသား၊ ကျောင်းသူများမှ ဂုဏ်ပြုတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။

ၤင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆက်စပ်ကဏ္ဍအလိုက် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကပြခန်းများ၊ မျိုး၊ မြေ၊ ရေ၊ နည်း အထောက်အကူပြု အသိပညာပေးပြခန်းများ၊ လယ်ယာသုံး စက်ကိရိယာများနှင့် စက်ပစ္စည်းများ၊ မျိုးကောင်း၊ မျိုးသန့် မျိုးစေ့များနှင့် သွင်းအားစုများ ဝယ်ယူနိုင်သည့် ပြခန်းဆိုင်ခန်းပေါင်း ၂၀ကျော်ကို လိုက်လံကြည့်ရှု၍ ပြခန်းများသို့ စိတ်ဝင်စားစွာ ကြည့်ရှုကြသူများနှင့် ဝယ်ယူအားပေးကြသူများကို ရင်းနှီးစွာ နှုတ်ဆက်အားပေးပြီးနောက် ဆရာစံခန်းမတွင် တောင်သူများ၊ တက်ရောက်လာကြသူများနှင့်အတူတကွ နေ့လယ်စာကို လက်ရည်တစ်ပြင်တည်း စားသုံးကြသည်။

ဆက်လက်၍ တောင်သူလယ်သမားနေ့အခမ်းအနား "စိုက်ပျိုးပညာမျှဝေရာ" စကားဝိုင်းကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီးနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ ဒေါ်မင်းမင်းသွင်က မျိုးကောင်း၊ မျိုးသန့် ထုတ်လုပ်စိုက်ပျိုးခြင်းဆိုင်ရာ နည်းပညာများကိုလည်းကောင်း၊ မြေအသုံးချရေးတာဝန်ခံ ဒေါ်သင်းသင်းချိုက သီးနှံမျိုးစေ့များ ထုတ်လုပ်ရာတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာများကိုလည်းကောင်း၊ သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သင်းသင်းထက်က သီးနှံများ မျိုးစေ့ထုတ်လုပ်ရာတွင် ကျရောက်တတ်သော ပိုးမွှားရောဂါကာကွယ်ရေးဆိုင်ရာ နည်းပညာများကိုလည်းကောင်း၊ ကျောက်ဆည်မြို့ စိုက်ပျိုးရေးသုတေသနခြံတာဝန်ခံ ဦးတင့်လွင်က သုတေသန ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြမျှဝေခဲ့ကြပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းထိန်၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးမှူး ဦးဇော်မင်းနိုင်၊ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးမှူး ဦးဆန်းအောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တောင်သူများ၏ သိလိုသည်များကို ပြန်လည်မျှဝေဆွေးနွေးခဲ့ကြောင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀









သတင်း-စာမျက်နှာ ၆






လယ်ယာသုံးစက်ကိရိယာများ အသုံးပြုခြင်း၏ အကျိုးကျေးဇူးများ






(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့
၂-၃-၂၀၂၅
မန္တလေးမြို့




စက်မှုလယ်ယာဦးစီးဌာနပြခန်း
ကောက်စိုက်စက်နှင့်တွဲဖက်သုံး
ဝပါးမျိုးစေ့ချကိရိယာ
(10-Rows Seeder)

သတင်း-စာမျက်နှာ ၆














## (၁၃)ကြိမ်မြောက် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်သင်ကြားမည်

**မန္တလေး မတ် ၂**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် ၃၁ လမ်း၊ ၅၅(A)လမ်း ကန်ကောက်ရပ်ရှိ ငြိမ်းချမ်းရေးဓမ္မစကူးလ်နှင့် ယဉ်ကျေးလိမ္မာသင်တန်းကျောင်းမှ (၁၃)ကြိမ်မြောက် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို မတ် ၆ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ပြဋ္ဌာန်းသော ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာများကို နေ့စဉ် နံနက် ၈ နာရီမှ ၁၀ နာရီအထိ 'အခြေခံအဘိဓမ္မာဘာသာ'၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီခွဲအထိ 'ယဉ်ကျေးမှုကျင့်ဝတ်ဘာသာ'၊ ညနေ ၃ နာရီမှ ၄ နာရီခွဲအထိ 'ဗုဒ္ဓဘာသာမြန်မာဘာသာ' တို့ကို သင်ကြားပေးမည်ဖြစ်ပြီး ၄ နာရီခွဲမှ ၅ နာရီအထိ ငါးပါးသီလခံယူခြင်း၊ သစ္စာအဓိဋ္ဌာန်ဆိုခြင်း၊ တရားထိုင်ခြင်းတို့ ပြုလုပ်ကြရမည် ဖြစ်သည်။

ဥပုသ်နေ့တိုင်း သင်ကြားပြီးသော သင်ခန်းစာများကို လေ့ကျင့်ခန်းစာမေးပွဲ ဖြေဆိုကြရမည်ဖြစ်ကာ မေလ(၁၅၊ ၁၆၊ ၁၇)ရက်များတွင် ငြိမ်းချမ်းရေးဓမ္မစကူးလ်နှင့် ယဉ်ကျေးလိမ္မာသင်တန်းမှ ကျင်းပသော (၁၃)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြရမည် ဖြစ်သည်။

မေလ(၁၈၊ ၁၉၊ ၂၀)ရက်များတွင်လည်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ကျင်းပသော (၄၀)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြရမည်ဖြစ်ပြီး ယင်းသင်တန်းဖွင့်လှစ်သင်ကြားနေစဉ်ကာလအတွင်းတက်ရောက်နေကြသော ကျောင်းသား၊ ကျောင်းသူများအား နေ့စဉ် နံနက် ၆ နာရီမှ ၈ နာရီအထိ တစ်ချိန်၊ ညနေ ၅ နာရီမှ ၆ နာရီအထိ တစ်ချိန် English Grammar နှင့် English Speaking သင်တန်းများကို ဆရာမ ဒေါ်တင့်တင့်ထွန်းနှင့် ဆရာမ ဒေါ်မီမီချိုတို့က သင်ကြားပေးမည် ဖြစ်သည်။

မေလ ၂၀ ရက်တွင် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ ပြုလုပ်မည်ဖြစ်ပြီး အောင်လက်မှတ်နှင့် ဆုပေးပွဲ ကျင်းပမည်ဖြစ်ကြောင်း အဆိုပါ သင်တန်းကျောင်းမှ သိရကာ အသေးစိတ်သိရှိလိုပါက သင်တန်းကျောင်းဖုန်း ၀၉-၄၄၄၀၃၀၇၇၀၊ ၀၉-၇၉၇၄၆၃၉၆၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**PNT**

၀-၀-၀-၀

## ရေနံချောင်းတက္ကသိုလ် ကျောင်းဝင်းအပြင် လမ်းဘေး ဝဲ၊ ယာ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရေနံချောင်း မတ် ၂**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ရေနံချောင်းတက္ကသိုလ် ကျောင်းဝင်းအပြင်ဘက် လမ်းဘေး ဝဲ၊ ယာ တစ်လျှောက်တွင် စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များက ဦးဆောင်ကာ ရေနံချောင်းတက္ကသိုလ် ကျောင်းဝင်းအပြင်ဘက် လမ်းဘေး ဝဲ၊ ယာ တစ်လျှောက်ရှိ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းများကို ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှိုက်သိမ်းမော်တော်ယာဉ်ဖြင့် စနစ်တကျသိမ်းဆည်းစွန့်ပစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၄၇၂)

၀-၀-၀-၀




ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၄၁ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် မတ် ၂**

မြန်မာ - တရုတ် - ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ်ပြီး တိုက်ဖျက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၄၁ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့သည်။

အဆိုပါပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများကို စနစ်တကျ စာရင်းကောက်ယူခြင်းလုပ်ငန်းအား နေ့ချင်းပြီးဆောင်ရွက်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၃၄၇၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၁၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

သတင်းစဉ်



## နန့်စန်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂**

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက် ည ၇ နာရီခွဲက သက်သေ များနှင့်အတူ နမ့်စန်မြို့၊ အမှတ်(၅) ရပ်ကွက်၊ နမ့်စန် - မိုးနဲသွားကားလမ်းတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ခွန်မောင်လံ(ခ)လုံးလံ ဆိုသူ မောင်းနှင်လာသည့် NISSAN MARCH အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၊ မြန်မာငွေကျပ် ၄၅၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် ခွန်မောင်လံ(ခ)လုံးလံ ၆၆ နှစ် ဆိုသူအား နမ့်စန်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

| အင်္ဂလိပ် အက်ဖ်အေဖလား(ပဉ္စမအဆင့်)အနိုင်၊ အရှုံး | | | NGB |
|---|---|---|---|
| နယူးကာဆယ် | ၁ - ၂ | ဘရိုက်တန် | |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၄)အနိုင်၊ အရှုံး | | | NGB |
|---|---|---|---|
| လိုင်ယွန် | ၂ - ၁ | ဘရက် | |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၆)အနိုင်၊ အရှုံး | | | NGB |
|---|---|---|---|
| လီဂါနက်စ် | ၁ - ၀ | ဂီတာဖေး | |
| ဘာစီလိုနာ | ၄ - ၀ | ဆိုစီဒက် | |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၄)အနိုင်၊ အရှုံး | | | NGB |
|---|---|---|---|
| ယူနီယံဘာလင် | ၀ - ၁ | ဟော်စတိုင်း | |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၇)အနိုင်၊ အရှုံး | | | NGB |
|---|---|---|---|
| မွန်ဇာ | ၀ - ၂ | တိုရီနို | |
| ဘိုလော့ညာ | ၂ - ၁ | ကယ်ဂလီယာရီ | |
| ဂျီနိုအာ | ၁ - ၁ | အမ်ပိုလီ | |

## မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်မတော်တဆမှုတစ်ရပ်ရပ်တွင် ကူညီဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ ပူးပေါင်းပါဝင်ဇာတ်တိုက်လေ့ကျင့်

**မန္တလေး မတ် ၂**

မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)နှင့်မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အားစီမံခန့်ခွဲသည့် MC-Jalux Airpot Service Co.Ltd တို့အကြား လေယာဉ်မတော်တဆမှု အရေးပေါ်အခြေအနေတစ်ရပ်ရပ်တွင် ကယ်ဆယ်ရေးလုပ်ငန်းများနှင့်လူနာတင်ယာဉ်ထောက်ပံ့ပေးနိုင်ရေးအတွက် ရေးထိုးထားသော နားလည်မှုစာချွန်လွှာအရ ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လေဆိပ်မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့များ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။



လေယာဉ်မတော်တဆမှု ဇာတ်တိုက် လေ့ကျင့်မှုတွင် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေးတိုင်းရုံး)မှ အရေးပေါ် လူနာတင်ယာဉ်တစ်စီး၊ ချမ်းအေးသာစံ၊ အောင်မြေသာစံ၊ ချမ်းမြသာစည်မြို့နယ်များမှ လူနာတင်ယာဉ်တစ်စီးစီ၊ ချမ်းမြသုခအသင်း၊ ပန်းဆက်လှငယ်အသင်းတို့မှ လူနာတင်ယာဉ်တစ်စီးစီ စုစုပေါင်းလူနာတင်ယာဉ် ၆ စီးဖြင့်လေယာဉ်မတော်တဆမှုဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိသူများကို ဒဏ်ရာအလိုက် အဆင့်ခွဲခြားသတ်မှတ်ခြင်း၊ အရေးပေါ်ကုသရန် လိုအပ်သော လူနာများကို ရှေးဦးပြုစုပေးခြင်း၊ သက်ဆိုင်ရာဆေးရုံများသို့ ပို့ဆောင်ပေးခြင်းတို့ ပါဝင်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၅)

## ရဲမွန်တောင်ရပ်ကွက်၌ မီးလောင်ကျွမ်းမှု ဖြစ်ပွား



**မန္တလေး မတ် ၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၆ လမ်းနှင့် ၃၈(အေ)လမ်းထောင့်နေ ဒေါ် ---- ပိုင်ဆိုင်သော --------- တွင် မီးလောင်မှု ယနေ့နံနက် ၁ နာရီခန့်က ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုကို မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင်နှင့်သန္ဓေ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ဦးသည် မီးငြိမ်းသတ်ယာဉ် ၃ စီး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြပြီး မီးလောင်သည့် အကြောင်းအရင်းနှင့်ဆုံးရှုံးမှု တန်ဖိုးများအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၇)

၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀



## ဂျပန်နှင့် ဆက်ဆံရေး ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်နိုင်ရန် တောင်ကိုရီးယား ယာယီသမ္မတ ချွဲဆန်မော့ မျှော်လင့်ထား

**ဆိုးလ် မတ် ၂**

မိမိတို့နှင့် ဂျပန် နှစ်နိုင်ငံ၏ ဆက်ဆံရေးအတွက် ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်နိုင်ရန် မျှော်လင့်သည်ဟု တောင်ကိုရီးယား ယာယီသမ္မတ ချွဲဆန်မော့က မတ် ၁ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

၁၉၁၉ခုနှစ်က ဂျပန်ကိုလိုနီ အုပ်ချုပ်မှုကို ဆန့်ကျင်သည့် တောင်ကိုရီးယားလွတ်လပ်ရေး လှုပ်ရှားမှုနေ့ အခမ်းအနားတွင် ၎င်းက ထိုသို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

ပြင်းထန်သော အပြည်ပြည်ဆိုင်ရာ အခြေအနေများကို ထိရောက်စွာ တုံ့ပြန်နိုင်ရန် တောင်ကိုရီးယားနှင့် ဂျပန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသည် လိုအပ်ချက်တစ်ရပ်ဖြစ်သည်ဟု ချွဲက ၎င်း၏ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ်နှင့် ဝန်ကြီးချုပ် ဟန်ဒတ်ဆူးတို့နှစ်ဦး ဒီဇင်ဘာ ၃ ရက် စစ်အုပ်ချုပ်ရေးကြေညာချက်အပြီး ရာထူးမှ ရပ်စဲခံရသဖြင့် အဆိုပါယာယီသမ္မတက အခမ်းအနားများကို ဦးဆောင်ကျင်းပနေရခြင်း ဖြစ်သည်။

ယွန်း၏ ရှေးရိုးစွဲအစိုးရလက်ထက်တွင် တောင်ကိုရီးယားသည် မြောက်ကိုရီးယား၏ ဒုံးပျံနှင့် အဏုမြူအစီအစဉ်များ တိုးမြှင့်လုပ်ဆောင်ခြင်းနှင့် ကြုံတွေ့ခဲ့ရပြီးနောက် ဂျပန်နှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **Mon**

## ယူကရိန်းသမ္မတ ဗလာဒီမြာဇေလင်စကီးအား ဗြိတိန်ဝန်ကြီးချုပ် ဆာကီယာစတာမာ လက်ခံတွေ့ဆုံ

**လန်ဒန် မတ် ၂**

ဗြိတိန်ဝန်ကြီးချုပ် ဆာကီယာစတာမာသည် ယူကရိန်းသမ္မတ ဗလာဒီမြာဇေလင်စကီးအား လန်ဒန်မြို့တော် ဒေါင်းနင်းလမ်း အမှတ် ၁၀တွင် မတ် ၁ ရက်က တွေ့ဆုံစဉ် ၎င်းအား မိမိတို့တစ်နိုင်ငံလုံးက အပြည့်အဝထောက်ခံသည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

ယူကရိန်းသမ္မတသည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်ရှိ အိမ်ဖြူတော်တွင် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် တွေ့ဆုံပြီးနောက် ဗြိတိန်နိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်ရာ ဗြိတိန်နိုင်ငံတွင် ထိုသို့သော မိတ်ဆွေများရှိသည်ကို ဝမ်းမြောက်ကြောင်း ဝန်ကြီးချုပ် ဆာကီယာစတာမာကို ပြောကြားသည်။

ယူကရိန်းသမ္မတ ဇေလင်စကီးနှင့် ဗြိတိန်ဝန်ကြီးချုပ် ဆာကီယာစတာမာတို့နှစ်ဦးသည် ယူကရိန်းစစ်ဘက်ဆိုင်ရာ ထောက်ပံ့ရေးအတွက် စတာလင်ပေါင် ၂ ဒသမ ၂၆ ဘီလီယံ ထုတ်ချေးပေးမည့် စာချုပ်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။



ဗြိတိန်ဝန်ကြီးချုပ်သည် ရုရှား-ယူကရိန်း လက်နက်ကိုင်ပဋိပက္ခပြေငြိမ်းရန် အားထုတ်မှုများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ပါဝင်ကာ နောက်ပိုင်းတွင် လန်ဒန်မြို့၌ ဥရောပနှင့် ကနေဒါခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဟု ဆိုသည်။

ဧည့်သည်တော် ယူကရိန်းသမ္မတ ဇေလင်စကီးသည် ဝန်ကြီးချုပ် ဆာကီယာစတာမာနှင့် တွေ့ဆုံပြီးနောက် ချားလ်စ်ဘုရင်ကိုလည်း ဂါဝရပြုတွေ့ဆုံခဲ့ကြောင်း သိရသည်။

**Mon**




## ကက်ရှ်မီးယားဒေသရှိ ချိုင်နာပင်များကို ခုတ်လှဲခဲ့သည်ဟု စွပ်စွဲခံရခြင်း မဟုတ်မှန်

**ဒေလီ မတ် ၂**

အိန္ဒိယအုပ်ချုပ်သော ကက်ရှ်မီးယားဒေသတွင် ရာစုနှစ်များစွာသက်တမ်းရှိသော ချိုင်နာပင်များကို ခုတ်လှဲခဲ့သည်ဟု စွပ်စွဲခံရခြင်းသည် မဟုတ်မှန်ဘဲ အစိုးရက ပုံမှန်အပင်ဖြတ်တောက်ခြင်းသာဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုသို့စွပ်စွဲခံရမှုပေါ်ပေါက်လာပြီးနောက် မျိုးသုဉ်းလုနီးပါးဖြစ်နေသော ယင်းအပင်အကြောင်းနှင့် အပင်ထိန်းသိမ်းရန်အားထုတ်မှုများကို ပြန်လည်အာရုံစိုက်လာစေခဲ့သည်။

ချိုင်နာပင်သည် ကက်ရှ်မီးယားချိုင့်ဝှမ်း၏ ရှုခင်းတွင် သမိုင်းဝင်သင်္ကေတတစ်ခုဖြစ်ပြီး အထူးသဖြင့် ဆောင်းဦးရာသီတွင် ချိုင်နာရွက်များသည် အနီရောင်မှ လိမ္မော်နရောင်သို့ ပြောင်းလဲသွားလေ့ရှိရာ အဆိုပါချိုင့်ဝှမ်းသည် ခရီးသွားများကို ဆွဲဆောင်နိုင်သော အဓိကနေရာတစ်ခုဖြစ်သည်။

ချိုင်နာပင်များသည် ဗဟိုအာရှဒေသမှ မူလအစပြုခဲ့သော်လည်း ရာစုနှစ်များစွာက မွန်ဂိုဘုရင်များနှင့် မင်းညီမင်းသားများက ကက်ရှ်မီးယားသို့ မိတ်ဆက်ပေးခဲ့ရာမှ ကက်ရှ်မီးယားယဉ်ကျေးမှုတွင် အရေးပါသောနေရာတစ်ခုကို ရယူလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**





အိန္ဒိယနိုင်ငံအထက်ပိုင်းရှိ မြောက်ဘက်တောင်တန်းဒေသ ဥတ္တရချမ်းဒ်ပြည်နယ်တွင် ယမန်နေ့က ဆီးနှင်းပြိုကွဲမှုဖြစ်ပွားပြီးနောက် လူအနည်းဆုံး လေးဦး သေဆုံးကာ အခြားလူအများအပြား ပျောက်ဆုံးနေချိန်တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။ **Mon**

## ဂါရန့်စ်ဟု အမည်ရသော ဆိုင်ကလုန်းမုန်တိုင်း လာရီယူနီယန်ကျွန်းကို ဝင်ရောက်တိုက်ခတ်

**ပဲရစ် မတ် ၂**

ဆိုင်ကလုန်းမုန်တိုင်း ဂါရန့်စ်သည် ပြင်သစ်နိုင်ငံ၏ ပင်လယ်ရပ်ခြားနယ်မြေဖြစ်သော လာရီယူနီယန်ကျွန်းကို ယမန်နေ့က ဝင်ရောက်တိုက်ခတ်ရာ လူလေးဦးထက်မနည်း သေဆုံးခဲ့သည်ဟု အာဏာပိုင်များက အတည်ပြုကြောင်း အေအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုဆိုင်ကလုန်းမုန်တိုင်းသည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မဒါဂတ်စကားကျွန်း၏ အရှေ့ဘက်ရှိ လာရီယူနီယန်ကျွန်း၏ မြောက်ဘက်သို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်း ဖြစ်သည်။

နာရီအနည်းငယ်အကြာတွင် ကျွန်း၏အနောက်တောင်ဘက်မှ ယင်းမုန်တိုင်းထွက်ခွာသွားကာ အင်အားပျက်ပြယ်နေပြီဖြစ်ကြောင်း သိရသည်။

**Mon**

## တူရကီအစိုးရနှင့် ပဋိပက္ခအဆုံးသတ်ပြီး စစ်ပြေငြိမ်းရန် ကာဒစ်စတန်အလုပ်သမားပါတီ အတည်ပြုကြေညာ

**အန်ကာရာ မတ် ၂**

ကာဒစ်စတန် အလုပ်သမားပါတီ(ပီကေကေ)သည် တူရကီအစိုးရနှင့် စစ်ပြေငြိမ်းရန် ယမန်နေ့က အတည်ပြုကြေညာခဲ့ပြီး အကျဉ်းထောင်ထဲမှ ခေါင်းဆောင် အဗ္ဗဒူလား အိုကာလန်၏ လက်နက်ဖျက်သိမ်းရန် တောင်းဆိုချက်ကို လိုက်နာခဲ့ကြောင်း အေအင်န်အိုင်သတင်းဌာနကဖော်ပြသည်။

တူရကီနိုင်ငံ၌ နှစ်၄၀ ကြာ ပဋိပက္ခများကို အဆုံးသတ်ရန် အဓိက ခြေလှမ်းတစ်ခုအဖြစ် ပီကေကေဘက်က ရှုမြင်သော်လည်း မိမိတို့အနေဖြင့် ပဋိပက္ခအဆုံးသတ်ရေး ဆွေးနွေးပွဲများကို အောင်မြင်စွာပြီးဆုံးနိုင်စေရန်နှင့် အာမခံချက်ရှိစေရန် ဂရုတစိုက် ဆက်လက်စောင့်ကြည့်သွားမည်ဟု သမ္မတ အာဒိုဂန်က ပြောကြားသည်။

အကြမ်းဖက်မှုနှင့် လက်နက်ကိုင်များ၏ ဖိအားများ ပပျောက်သွားပါက ဒီမိုကရေစီအရေး နိုင်ငံရေးလှုပ်ရှားမှုများ သဘာဝအတိုင်း ပိုမိုကျယ်ပြန့်လာစေမည်ဟု ၎င်းက ကတိပြုခဲ့ကြောင်း သိရသည်။

**Mon**



## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ဂါဇာကမ်းမြောင်သို့ ဝင်ရောက်ခွင့် အစ္စရေး ပိတ်ပင်လိုက်ပြီ

**ဂျေရုဆလင် မတ် ၂**

ဟားမတ်စ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲရေး ပထမအဆင့်ကာလ ကုန်ဆုံးသွားပြီဖြစ်သောကြောင့် ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအားလုံး ဝင်ရောက်ခွင့်ကို ပိတ်ပင်လိုက်ပြီဟု အစ္စရေးအစိုးရဘက်က မတ် ၂ရက်တွင် အတည်ပြုလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ကိုယ်စားလှယ် စတိဗ်ဝစ်ကော့ဖ်က အဆိုပြုထားသည့်အတိုင်း ယာယီအပစ်အခတ်ရပ်စဲရေးကာလကို ဟားမတ်စ်အုပ်စုက တိုးမြှင့်စေလိုသော်လည်း အစ္စရေးဘက်က လက်မခံသေးကြောင်း ဝန်ကြီးချုပ် ဘင်ဂျမ်မင်နက်တန်ယာဟု၏ရုံးမှ တာဝန်ရှိသူက ပြောကြားသည်။

ယင်းလုပ်ရပ်ကို ဟားမတ်စ်တို့ဘက်က မကျေမနပ်ဖြစ်နေပြီး အစ္စရေးကို အကူအညီထောက်ပံ့မှုများ ပြန်လည်စတင်ခွင့်ပြုစေရန် ကြားနေနိုင်ငံများကို ဟားမတ်စ်ပြောရေးဆိုခွင့်ရှိသူက တိုက်တွန်းခဲ့သည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်၏ ဒုတိယအဆင့်ကို မူလညှိနှိုင်းထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်ရန်၊ ပါလက်စတိုင်းအကျဉ်းသားများကို ထပ်မံလွှတ်ပေးရန်နှင့် အစ္စရေးတပ်များ ဂါဇာမှဆုတ်ခွာရန် ဟားမတ်စ်ဘက်က လိုလားကြောင်း သိရသည်။

**Mon**

# နိုင်ငံတကာ အားကစား သတင်းများ



## မာတီတာ ဒဏ်ရာကြောင့် နှစ်လခန့်အနားယူရဖွယ် ရှိ

**လန်ဒန် မေ ၂**

ခရစ္စတယ်ပဲလေ့စ်အသင်း တိုက်စစ်မှူး မာတီတာ ဒဏ်ရာကြောင့် နှစ်လခန့် အနားယူရဖွယ် ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် အင်္ဂလိပ်အက်ဖ်အေဖလား (ပဉ္စမအဆင့်)ပွဲစဉ်အဖြစ် ခရစ္စတယ်ပဲလေ့စ်အသင်းက မီဝေါလ်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပြိုင်ဘက်ဂိုးသမားနှင့်ထိခိုက်မိကာ နားရွက်အနောက်ဘက်မှာ ဟက်တက်ကွဲ ဒဏ်ရာရရှိခဲ့ပြီး ထမ်းစင်ဖြင့်ထုတ်ကာ ဆေးရုံသို့ပို့ခဲ့ရသည်။

တိုက်စစ်မှူး မာတီတာဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် ကြီးမားသည့် ထိုးနက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ မာတီသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၂ပွဲကစားကာ ၄၁ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

(အပေါ်ပုံ)

(NGB)

## ဖေဖော်ဝါရီလအတွက် မန်ချက်စတာယူနိုက်တက်အသင်း တစ်လတာအကောင်းဆုံးကစားသမားဆုကို ဘရူနိုဖာနန်ဒက်စ် ဆွတ်ခူး

**မန်ချက်စတာ မတ် ၂**

မန်ချက်စတာယူနိုက်တက်အသင်းမှ လစဉ်လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် ဖေဖော်ဝါရီလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ငါးပွဲကစားပြီး တစ်ဂိုးသွင်းယူကာ နှစ်ဂိုး ဂိုးဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၇၂ ပွဲကစားပြီး ၉၉ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၀)နှစ်အရွယ်ရှိ ဘရူနိုဖာနန်ဒက်စ်က "ကျွန်တော် အခုလို အသင်းမှ ပေးအပ်သည့် တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေနဲ့ အသင်းရလဒ်ကောင်းတွေရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ)

(NGB)




## ပူလီဆစ်အား စာချုပ်သက်တမ်းတိုးရန် အေစီမီလန်အသင်း စီစဉ်

**မီလန် မတ် ၂**

အေစီမီလန်အသင်းသည် အသင်းတောင်ပံကစားသမား ပူလီဆစ်အား စာချုပ်သက်တမ်းတိုးရန် အလျင်အမြန်စီစဉ်လျက်ရှိပြီ ဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် အလျင်အမြန်စီစဉ်လာခြင်း ဖြစ်သည်။

တောင်ပံကစားသမား ပူလီဆစ်သည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲ စုံ ၈၅ပွဲကစားပြီး ၂၇ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(အောက်ပုံ)

အေစီမီလန်အသင်းထုတ်ပြန်ချက်တွင် "ပူလီဆစ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

(NGB)




## ဂရင်းဝုဒ် မာဆေးလ်အသင်းတွင် ဆက်ရှိသွားမည်

**ပါရီ မေ ၂**

တိုက်စစ်မှူး ဂရင်းဝုဒ်အား ရောင်းချသွားမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း မာဆေးလ်အသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် လီဗာပူးအသင်း၊ ဘာစီလိုနာအသင်း အပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။

တိုက်စစ်မှူး ဂရင်းဝုဒ်သည် မာဆေးလ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၅ပွဲကစားပြီး ၁၅ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

မာဆေးလ်အသင်းထုတ်ပြန်ချက်တွင် "ဂရင်းဝုဒ်အား ရောင်းချသွားမှာ မဟုတ်ပါဘူး။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။ (အောက်ပုံ)

(NGB)




## 2025 Abierto Mexicano Telcel presentado por HSBC တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား Tomas Machac ဆွတ်ခူး

**လန်ဒန် မတ် ၂**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Abierto Mexicano Telcel presentado por HSBC တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ချက်တင်းနစ်ကစားသမား Tomas Machac တက်ရောက်ခဲ့သည်။



အဆိုပါ ချက်တင်းနစ်ကစားသမား Tomas Machac သည် 2025 Abierto Mexicano Telcel presentado por HSBC တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ အဆင့်တွင် စပိန်တင်းနစ်ကစားသမား Davidovich Fokina အား ၇-၆၊ ၄-၆၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ Tomas Machac က "ကျွန်တော် အခုလို 2025 Abierto Mexicano Telcel presentado por HSBC တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေနဲ့ နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အပေါ်ဝဲပုံ)

(NGB)

0-0-0-0-0-0-0

**ဘောလုံးသတင်း အတိုအထွာများ**

* အာဆင်နယ်အသင်းသည် အသင်းအားကစားဒါရိုက်တာအသစ်ကို ယခုမတ်လအတွင်း ခန့်အပ်သွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ပရီးမီးယားလိဂ်ထိပ်သီးကလပ် လီဗာပူးအသင်းသည် ၂၀၂၄ခုနှစ်အတွက် တစ်နှစ်တာ ဘဏ္ဍာရေးစာရင်းရှင်းတမ်းထုတ်ပြန်ခဲ့ရာ အခွန်မဆောင်မီ စတာလင်ပေါင် ၅၇သန်းအထိ အရှုံးပေါ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

(NGB)

## ဖလော်ရီယန်ဝါ့ဇ်အား ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်း ကြိုးပမ်းသွားမည်

**လန်ဒန် မတ် ၂**

ဘိုင်ယန်မြူးနစ်အသင်း အကြီးအကဲ ကားလ်ဟိန့်ဇ်ရမ်မန်နစ်ဂီက မိမိတို့အသင်းအနေဖြင့် လာမည့်နွေရာသီအပြောင်းအရွှေ့ ဈေးကွက်အတွင်းတွင် လေဗာကူဆင်အသင်း ကွင်းလယ်ကစားသမား ဖလော်ရီယန်ဝါ့ဇ်အား ခေါ်ယူရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၈ ပွဲကစားပြီး ၅၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင်း ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန် ကြိုးပမ်းလာခြင်း ဖြစ်သည်။

လေဗာကူဆင်အသင်းကလည်း ဖလော်ရီယန်ဝါ့ဇ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်း အကြီးအကဲ ကားလ်ဟိန့်ဇ်ရမ်မန်နစ်ဂီက "ဖလော်ရီယန်ဝါ့ဇ်အား ခေါ်ယူနိုင်ဖို့ ကြိုးပမ်းသွားမှာပါ။ အသင်းအနေနဲ့လည်း လာမည့်နွေရာသီဈေးကွက်အတွင်းမှာ ဖလော်ရီယန်ဝါ့ဇ် အပါအဝင် ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ)

(NGB)



### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၇)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၄-၃-၂၀၂၅ | (၄)ဂျူဗင်တပ် - ဗီရိုနာ(၁၄) | ဂျူဗင်တပ် ၁-၀ဗီရိုနာ | ဂျူဗင်တပ်(အိမ်) | ၁၃ | ၆ | ၇ | - | ၂၂ | ၁၀ |
| နံနက် ၀၂:၁၅ နာရီ | (ဗီရိုနာ ၀-၃ဂျူဗင်တပ်) | ဗီရိုနာ ၂-၂ ဂျူဗင်တပ် | ဗီရိုနာ(ဧည့်) | ၁၃ | ၄ | ၁ | ၈ | ၁၅ | ၂၄ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၆) ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၄-၃-၂၀၂၅ | (၅)ဗီလာရီးရဲလ် - အက်စ်ပန်ညိုး(၁၅) | ဗီလာရီးရဲလ် ၄-၂ အက်စ်ပန်ညိုး | ဗီလာရီးရဲလ်(အိမ်) | ၁၂ | ၅ | ၅ | ၂ | ၂၈ | ၁၉ |
| နံနက် ၀၂:၃၀ နာရီ | (အက်စ်ပန်ညိုး ၁-၂ ဗီလာရီးရဲလ်) | အက်စ်ပန်ညိုး ၀-၁ ဗီလာရီးရဲလ် | အက်စ်ပန်ညိုး(ဧည့်) | ၁၂ | ၁ | ၂ | ၉ | ၇ | ၂၂ |

### အင်္ဂလိပ် အက်ဖ်အေဖလား(ပဉ္စမအဆင့်)ပွဲစဉ် နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|
| ၄-၃-၂၀၂၅ အင်္ဂါနေ့ | နံနက် ၀၂:၀၀ နာရီ | နော့တင်ဟမ် (ပရီးမီးယား-၃) - အစ်ဆွစ်ချ် (ပရီးမီးယား-၁၈) | နော့တင်ဟမ် ၁-၀ အစ်ဆွစ်ချ် |

## တရားရုံးကဦးဆောင်သော ဖျန်ဖြေရေးစနစ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်




**မန္တလေး မတ် ၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၂၃-၂၀၂၇၊ ဒုတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်(၂၀၂၅)၊ မဟာဗျူဟာအစီအစဉ် ၅.၃.၁ အရ တရားရုံးက ဦးဆောင်သည့် ဖျန်ဖြေရေးစနစ်အား နယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ရည်ရွယ်၍ တရားရုံးက ဦးဆောင်သောဖျန်ဖြေရေးစနစ်နှင့် စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉နာရီက မန္တလေး၊ အမရပူရမြို့နယ်ရှိ ရတနာပုံတက္ကသိုလ်၊ Seminar-Room တွင် ပြုလုပ်သည်။

အဆိုပါဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ ဦးစီးအရာရှိ ဒေါ်စုသက်ငုံက "Mediation System in the World" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဖျန်ဖြေရေးဌာနတာဝန်ခံ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ငွေဇင်မော်က "တရားရုံးကဦးဆောင်သော ဖျန်ဖြေရေးစနစ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးဇောမျိုးမျိုးက "ဖျန်ဖြေရေးစနစ်နှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးဟောပြောကြပြီး တက်ရောက်လာသော ရတနာပုံတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မော်မော်စိုး ဥပဒေပညာဌာနမှ ပါမောက္ခ၊ တွဲဖက်ပါမောက္ခများ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ ဖြေဆိုခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ကြသည်။

အဆိုပါဟောပြောပွဲသို့ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားရေးအရာရှိများ၊ ရတနာပုံတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မော်မော်စိုး၊ ဥပဒေပညာဌာနမှပါမောက္ခ (ဌာနမှူး)ဒေါက်တာခင်မျိုးသန့်နှင့် ဆရာမများ၊ ဥပဒေပညာအထူးပြုကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၁၉၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(ဝ၉၃)



## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် မတ် ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျင်းပရာ နေပြည်တော်လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မူလတန်းကြိုကျောင်းများမှ ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းက စာအုပ်၊ စာပေဖတ်ရှုလေ့လာခြင်းမှ အသိပညာဗဟုသုတများစွာရရှိနိုင်သဖြင့် စာအုပ်၊ စာပေလေ့လာဖတ်ရှုရာတွင် ရရှိသည့်ဗဟုသုတများကို ပြန်လည်မျှဝေဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းဖြင့် အမှား၊ အမှန်ကို ဝေဖန်သုံးသပ်နိုင်ပြီး အသိပညာဗဟုသုတများရရှိစေမည်ဖြစ်သဖြင့် စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးကြရမည်ဖြစ်ကြောင်း၊ လူငယ်၊ လူရွယ်များ အသိပညာဗဟုသုတရရှိစေရေး၊ စာဖတ်အားကောင်းမွန်စေရေး၊ စာကြည့်တိုက်များတွင် စာပေဖတ်ရှုသည့် အလေ့အကျင့်များရရှိလာစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မူကြိုအရွယ်ကလေးငယ်များပြုစုစောင့်ရှောက်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် စာပေများ၊ ကလေး စာပေများကို လက်လှမ်းတစ်မီထားရှိနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ဟောပြောပွဲအပြီးတွင် အခမ်းအနားတက်ရောက်လာကြသူများက ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

* — * — * — * — *

## မဟာမုနိဘုရားကြီး ငါးကန်၊ လိပ်ကန်အတွင်းရှိ ငါးများအား ဧရာဝတီမြစ်အတွင်းသို့ ဇီဝိတဒါနဘေးမဲ့လွှတ်ပေး

**မန္တလေး မတ် ၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မဟာမုနိဘုရားကြီးအတွင်းရှိငါးကန်၊ လိပ်ကန်များတွင် ငါးအကောင်ရေများပြားလာခြင်းကြောင့် အများပြည်သူလှူဒါန်းထားသော ငါးများအသေအပျောက်နည်းစေရန်နှင့် နွေရာသီအကူးအပြောင်းတွင် သေဆုံးခြင်းများမရှိစေရန်ရည်ရွယ်၍ ဧရာဝတီမြစ်အတွင်းသို့ ဇီဝိတဒါနငါးများဘေးမဲ့လွှတ်ခြင်းကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်က ဆောင်ရွက်ခဲ့ကြသည်။

ဧရာဝတီမြစ်အတွင်းသို့ ငါးများ ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်းကို မဟာမုနိဘုရားကြီးဂေါပကအဖွဲ့၏လမ်းညွှန်မှုဖြင့် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ဦးဆောင်စီစဉ်မှု မဟာလူမှုကယ်ဆယ်ရေးအဖွဲ့မှဥက္ကဋ္ဌ ဦးသက်ထွန်းဝင်းနှင့် အသင်းသား ၅၀ ဦးဖြင့် ပူးပေါင်းကူညီဆောင်ရွက်ခဲ့သည်။

ဇီဝိတဒါနငါးဘေးမဲ့လွှတ်ခြင်းဘက်စုံအသုံးပြုရန် မန္တလေးမြို့နေ ကိုဟန်ဝင်းထွန်း+မစန်းအိလှိုင်မိသားစုက ငွေကျပ် ၁၇၅၀၀၀၀ လှူဒါန်းရာ မဟာမုနိဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့်အမှုဆောင်များက လက်ခံရယူခဲ့သည်။ အလားတူ အလှူရှင်မိသားစုသည် မဟာမုနိဘုရားငါးကန်၊ လိပ်ကန်အတွင်းမှ ငါးများအား ဧရာဝတီမြစ်အတွင်း ဇီဝိတဒါနဘေးမဲ့လွှတ်ရန်ဆောင်ရွက်ပေးနေသော မဟာလူမှုကယ်ဆယ်ရေးအဖွဲ့အား လိုအပ်သည့်ကဏ္ဍများတွင် အသုံးပြုရန် ငွေကျပ် ငါးသိန်း ကုသိုလ်ပြုလှူဒါန်းခဲ့ကြောင်း သိရသည်။

(ယာပုံ)(ဝ၄၅)



## (၂၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့(တပေါင်းလပြည့်နေ့)အခမ်းအနား ကျင်းပမည်

**မန္တလေး မတ် ၂**

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)က ကြီးမှူးလျက် ၂၀၂၅ခုနှစ်(၂၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ တပေါင်းလပြည့်နေ့ အခမ်းအနားအား မတ် ၁၃ရက် (တပေါင်းလပြည့်နေ့) နံနက် ၉ နာရီတွင် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် မန္တလေးတောင် တောင်တက်ကားလမ်းအနောက်ဘက်ရှိ အဘယာရာမမိုးထိကျောင်းတိုက် ဝေယံဘုံကျောင်းမဏ္ဍပ်တွင် ကျင်းပမည်ဖြစ်သည်။

"ပညာရေးသမားကျေးဇူး တရားမမေ့ပြား"ပညာရှင်တိုင်းရင်းဆေးသမားတော်ကြီးများအား ဦးထိပ်ထားလျက် ကျင်းပမည့် အဆိုပါအခမ်းအနားတွင် သံဃာတော်တို့အား နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းခြင်း၊ (၇၅)နှစ်အထက် သက်ကြီးသမားတော်များအား ဂါရဝပြုခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ (ဝ၇ဝ)

## မြေဖြင့်ပြုလုပ်သော သောက်ရေအိုးများ အရောင်းအဝယ်ကောင်းမွန်

**ရေနံချောင်း မတ် ၂**

နွေရာသီရောက်လာသဖြင့် မြေဖြင့်ပြုလုပ်သော သောက်ရေအိုးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်မှ ရောင်းဝယ်သူများထံက သိရသည်။

ရေနံချောင်းမြို့နယ်၌ မြေဖြင့်ပြုလုပ်သော သောက်ရေအိုးများကို ဘာသာရေးဆိုင်ရာပွဲ၊ ပဌာန်းပွဲများတွင်လည်းကောင်း၊ သာရေးနာရေးအလှူပွဲများတွင်လည်းကောင်း အများဆုံး အသုံးပြုကြသည့်အပြင် နွေရာသီ၌ ရေချမ်းစင်ဖြင့်ကုသိုလ်ယူကြပြီး နေအိမ်များတွင် အသုံးပြုကြသည်။

သောက်ရေအိုးကိုနှစ်ပေါက်တစ်နှစ်လုံးရောင်းချသည့် ဆိုင်များနှင့် ပွင့်လင်းရာသီနွေရာသီ၌ သောက်ရေအိုးကို သီးသန့်တင်ပြီး ရောင်းချကြသည့် ဆိုင်များလည်း ရှိကြသည်။ သောက်ရေအိုး၊ သကြိန်အိုး၊ ထမင်းချက်၊ ဟင်းချက်ပြုတ်သည့် မြေအိုးအပါအဝင် ရောင်းချနေကြပြီး သောက်ရေအိုး အနေအထားအပေါ်မူတည်ပြီး တစ်လုံးလျှင် ငွေကျပ် ၁၈၀၀မှ ၂၈၀၀၊ ငွေကျပ် ၃၀၀၀ မှ ၃၈၀၀ အထိရှိကြောင်း သိရသည်။

(အောက်ပုံ)(၄၇၂)



## ချို့တဲ့နွမ်းပါးလူနာများအား ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့

**မန္တလေး မတ် ၂**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော ချို့တဲ့နွမ်းပါးလူနာများအား လစဉ်ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၁၀ နာရီက အဆိုပါဆေးရုံကြီး ဖျားနာကုသဆောင်(၂)တွင် ကျင်းပသည်။

ချို့တဲ့နွမ်းပါးလူနာများအား လှူဒါန်းပွဲသို့ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦး၊ ဆေးလူမှုဆက်ဆံရေးအရာရှိ၊ အလှူရှင် ဦးအောင်ကျော်ဦးနှင့် မိတ်ဆွေသူငယ်ချင်းများ၊ မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများတက်ရောက်ကြပြီး ချို့တဲ့နွမ်းပါးလူနာတစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် လူနာ ၃၉ ဦးအား စုစုပေါင်းငွေကျပ် ၃၉သိန်းနှင့်စားသောက်ဖွယ်ရာများ ကုသိုလ်ပြုလှူဒါန်းခဲ့ကြကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

## စံချိန်စံညွှန်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ထားသည့် အင်ရောင်းဆေးဝါးစက်ရုံနှင့် Green Power Energy စက်ရုံများအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး



**ကျောက်ဆည် မတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် စက်ရုံ၊ အလုပ်ရုံများအား ကွင်းဆင်းပြီး သန့်ရှင်းသပ်ရပ်၊ စိမ်းလန်းစိုပြည်၍ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စက်ရုံ၊ အလုပ်ရုံများမှ သတ်မှတ်ထားသော စံချိန်စံညွှန်း၊ အညွှန်းကိန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယမန်နေ့ နံနက်ပိုင်းက ခရိုင်အဆင့်ကွင်းဆင်းစစ်ဆေးရေးနှင့် ဆုရွေးချယ်ရေးအဖွဲ့သည် အင်ရောင်းဆေးဝါးစက်ရုံနှင့် Green Power Energy စက်ရုံများသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ လုပ်ငန်းအဖွဲ့အား ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးသီဟ ဦးဆောင်ပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်ပြီး အဆိုပြုလျှောက်ထားလာသော စက်ရုံလုပ်ငန်းများအား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိမှု အခြေအနေ၊ အတည်ပြုပြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာပါ ကတိကဝတ်များအပေါ် လိုက်နာဆောင်ရွက်မှု၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအခြေအနေနှင့် စက်ရုံလုပ်ငန်းများ လည်ပတ်ခြင်းကြောင့် ဝန်းကျင်လေထု၊ ထုတ်လွှတ်အခိုးအငွေ့၊ ရေထုနှင့် မြေထုအရည်အသွေးများအား ပတ်ဝန်းကျင်အရည်အသွေးဆိုင်ရာ (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များပါ တန်ဖိုးများအတွင်းရှိစေရေး၊ ထိန်းချုပ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စက်ရုံလုပ်ငန်းအတွင်း စိမ်းလန်းဇရိယာ (Green Area)ဖော်ဆောင်ထားမှု အခြေအနေများစသည့် စံချိန်၊ စံညွှန်းများနှင့်အညီ ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော စံပြစက်ရုံ၊ လုပ်ငန်းများပေါ်ပေါက်လာစေရန် စံချိန်၊ စံညွှန်းများနှင့်အညီ ဆောင်ရွက်ထားသည့် စက်ရုံ၊ အလုပ်ရုံများကို စိစစ်ရွေးချယ်ပြီး စံပြစက်ရုံဆုများ ရွေးချယ်လျက်ရှိကြောင်းနှင့်ဆုရရှိသော စံပြစက်ရုံများကို ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၀)



## စားသုံးသူကာကွယ်ရေးအကြောင်း အသိပညာပေး Talk Show ဆောင်ရွက်

**ပုသိမ်ကြီး မတ် ၂**

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူ ကာကွယ်ပေးရေးလုပ်ငန်းစဉ်များကို အဓိကထားဆောင်ရွက်နေပြီး စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show ကို ယမန်နေ့ နံနက် ၁၁နာရီက ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ပံသုကျီခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါ Talk Show တွင် စားသုံးသူကာကွယ်ရေးလုပ်ငန်းစဉ်များကို ထိရောက်စွာလုပ်ဆောင်နိုင်ရန်၊ ဥပဒေပြဋ္ဌာန်းချက်များအကြောင်း၊ စားသုံးသူဆိုသည့် အဓိပ္ပာယ်နှင့် စားသုံးသူ အခွင့်အရေး (၈)ချက်အကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာရှောင်ကြဉ်ရမည့်အချက်များ၊ စားသုံးသူ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရင် တိုင်ကြားနိုင်သည့် နည်းလမ်းများအကြောင်း အစရှိသည်တို့အား ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်တွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးငြိမ်းစံ၊ ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(တွဲဖက်)ဦးစီးအရာရှိ ဒေါ်ကြည်ကြည်ခိုင်တို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၉၅)



## မြို့ပြသန့်ရှင်းသာယာလှပစေရေးအတွက် ဌာနဆိုင်ရာများစုပေါင်းပြီး ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ပွင့်ဖြူ မတ် ၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် မတ် ၁ ရက် နံနက် ၇ နာရီက ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ ပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့တွင်းမိန်းလမ်းမကြီးတစ်လျှောက်နှင့် မြို့ပတ်လမ်းတစ်လျှောက်ရှိ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ကောက်ယူရှင်းလင်းခြင်း၊ တံမြက်စည်းလှဲခြင်းလုပ်ငန်းများကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ပွင့်ဖြူမြို့နယ်တွင် မြို့ပြနှင့်ကျေးလက်ဒေသတစ်ခွင် စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပစေရန်နှင့် ပြည်သူများသန့်ရှင်းသောလူနေမှုဘဝများ ဖြစ်လာစေရန်၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများလျှော့နည်းပြီး သန့်ရှင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်ချက်ဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က အပတ်စဉ်(စနေနေ့တိုင်း)ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၄၄၅)

## ရေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး မတ် ၂**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ မှကြီးမှူး၍ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ကြက်ခြေနီအသင်းခွဲငယ်တို့ ပူးပေါင်း၍ ရေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ချမ်းအေးသာစံမြို့နယ်၊ လမ်း၆၀ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ တိုင်းကြက်ခြေနီတပ်ဖွဲ့မှူးဦးကျော်ကျော် တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များ၊ ချမ်းအေးသာစံမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူးနှင့်အမှတ်(၅)အထက်တန်းကျောင်းမှ ကြက်ခြေနီအသင်းဝင်များ တက်ရောက်ခဲ့ကြသည်။ သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့သည်။



သင်တန်းတွင် မန္တလေးတိုင်းဒေသကြီးကြက်ခြေနီတပ်ဖွဲ့မှူးနှင့် နည်းပြများက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဖွဲ့စည်းပုံနှင့်ရည်ရွယ်ချက်များ၊ ထိခိုက်ဒဏ်ရာရေးဦးပြုစုနည်းများ၊ လူနာဆန်းစစ်ခြင်း ဘာသာရပ်များအား စာတွေ့၊ လက်တွေ့ပုံစံငယ်များဖြင့် သင်ကြားပို့ချပေးခဲ့သည်။

(အပေါ်ဝဲပုံ)

(၀၄၅)

## စိုက်ပျိုးပြီး ဆောင်းသီးနှံ ကြက်သွန်ဈေးကောင်းရရန် မျှော်လင့်

**ရေနံချောင်း မတ် ၂**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် ကြက်သွန်ကို တောင်သူများ ဆောင်းသီးနှံအဖြစ် ယခုနှစ်တွင် စိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး မတ်လကုန် ဧပြီလဆန်းမှာ အသစ်ဖော်ရမှာဖြစ်ကြောင်း၊ ဈေးကောင်းရရန် မျှော်လင့်ကြောင်း ဒေသခံတောင်သူများထံက သိရသည်။

ရေနံချောင်းမြို့နယ်တွင် ဆောင်းရာသီ၌ အဓိကစိုက်ပျိုးသည့် မီးဖိုချောင်သုံးအဖြစ် ကြက်သွန်ကို စိုက်ကြသည့်အပြင် ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်အဖြစ် ရောင်းချရန် စိုက်ပျိုးကြသည့် ကြက်သွန်မှ အကျိုးအမြတ်ရနေကြသည်။

ယခင်နှစ်တွင် ကြက်သွန်တစ်ဧကလျှင် ပိဿာ ၁၅၀၀ ထွက်ရှိပြီး ယခုနှစ်ထွက်နှုန်းမသိရသေးကြောင်း တောင်သူတစ်ဦးက ပြောသည်။

လက်ရှိရေနံချောင်းမြို့နယ်၌ စိုက်သည့် ကြက်သွန်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေပြီး သကြန်မတိုင်မီ အသစ်ဖော်မည်ဖြစ်ကြောင်း ဒေသခံများက ပြောသည်။


ရေနံချောင်းမြို့နယ်တွင် ယခုတစ်ပတ်၌ ကြက်သွန်ကို တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀၊ ၂၈၀၀၊ ၂၅၀၀ အတွင်း ကြက်သွန်အရွယ်အစားပေါ်မူတည်ပြီး လက်လီဈေးကွက်၌ ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

(၄၇၂)

ဝတ္ထုတိုကဏ္ဍ

# မောင်စဥ

သန်းစိုးအောင်



(၂၄-၂-၂၀၂၅) စာမျက်နှာ-၁၄ မှ အဆက်

ကိုကြာ၏ နွားရွှေနီနှင့် ကိုကုလား၏ နွားပြာခြောက်ကြီးတွဲကာ စွတ်သည်။ ပထမဦးစွာ အဖျားပိုင်းကို လှီုထဲမှာ တောင်သုံးဆယ်ခန့်ဝေးသော လှည်းလမ်းနီးရာ တောင်ပေါ်သို့ စွတ်၍ ဆွဲနိုင်ခဲ့သော်လည်း ဒုတိယအခေါက် အလယ်ပိုင်းကို စွတ်တင်သောအခါ ကိုကုလား၏ နွားပြာခြောက်ကြီးမှာ မစွမ်းနိုင်တော့ချေ။ အကြိမ်ကြိမ်ကြိုးစားသော်လည်း မရ။ သို့နှင့် -

"ကဲ … ငမိုးရေ မင်းရဲ့ မောင်စဥနဲ့ ဆွဲတင်မှ အလုပ်ဖြစ်မယ်ထင်တယ်။ တို့ကို ကူညီပါဦး"ဟု ကိုကြာက ဆိုလာရာ "အင်း … ဒီအခြေအနေတွေ ကြုံတွေ့မှာစိုးလို့ အဘစံက ငါ့ကို ဝါးပဲတိုက်ဖို့မှာတာဖြစ်မယ်။ ဝါးကတော့ လိုသလို ချိန်ဆလို့ရတယ်။ သစ်ကတော့ … " ဒီအချိန်တွင်

"ငမိုး … လုပ်ပါကွ တို့အပြန်လမ်း အဆင်းမှောင်နေလိမ့်မယ်"ဟု ကိုကုလားက ဆိုလာသဖြင့် ငမိုးလည်း မောင်စဥကို ဆွဲကာ လှီုထဲဆင်းခဲ့သည်။ ကိုကုလား၏ နွားပြာခြောက်ကြီးအစား မောင်စဥနှင့် ကိုကြာ၏ နွားရွှေနီတို့ တွဲလျက် ညာသံပေး၍ မောင်းတင်လိုက်သည့်အခါ သစ်တုံးကို ရောရောရှုရှု ဆွဲတင်နိုင်ခဲ့လေသည်။ သို့သော် မောင်စဥ၏ ပခုံးအနည်းငယ်ပြဲသွားသဖြင့် ကိုကြာကလှည်းမကောက်မီ မှန်ညင်းဆီသုတ်လိမ်း၍ နှိပ်နယ်ပေးသည်။ အိမ်သို့ပြန်ရောက်ပြီးနောက်တစ်နေ့တွင် ဘစံက သူ့နွားတစ်ရှဉ်းကို ဖွဲနုရည်တိုက်ကျွေးလေသည်။ ဤတွင် မောင်စဥ ပခုံးအနည်းငယ်ပြဲနေသည်ကို တွေ့မြင်သော ဘစံက တင်းကုပ်ထဲ နွားချေးကြုံးနေသော ငမိုးအား "ငမိုး ဟိုကောင်တွေ သစ်တိုက်လာတယ် မဟုတ်လား" "ဟုတ် ဘစံ" "မင်းကိုရော အကူအညီတောင်းသေးလား"သည်အခါ ငမိုးလည်း မနေသာဘဲ အကြောင်းစုံကို ပြောလိုက်လေသည်။ ဘစံမှာ တောထဲတွင် လှည်းသမားအချင်းချင်း ရဲဘော်ရဲဘက်စိတ်ထားရကြောင်း သိသူ၊ လူမှုရေးစိတ်ထားရှိသူဖြစ်သဖြင့် ငမိုးကို ဘစံက တစ်စုံတစ်ရာအပြစ်မဆိုခဲ့ပေ။ သို့သော် ဘစံက မောင်စဥ ပခုံးပြဲဒဏ်ရာ မပျောက်မချင်း ဝန်နှင့်ခိုင်းခွင့်မပြုခဲ့ချေ။

(၅)

"တောင်ပံပါရင် သခင့်ဆီကို"

တော၏ ချစ်စရာလေ့မှာ လက်စားလိုက်ရှိင်းပင်းကူသည့် လေ့ဖြစ်သည်။ ငမိုးလည်း မနက်ပိုင်း ဘစံ၏ လယ်ကို ထွန်၍ နေ့လယ်ပိုင်းတွင် မိမိကို ကူညီထွန်ပေးသည့် ကိုကြာ၏ လယ်ကို လက်စားဖြေထွန်ပေးရသည်။ ထိုကဲ့သို့သော အခြေအနေတွင် နွားတွေမှာ ပင်ပန်းလှသည်။ ညဥ့်ဦးပိုင်းမှစ၍ ကောင်းစွာအနားယူဖို့လိုသည်။ မိုးကာလ မှက်၊ ခြင်၊ ယင်တို့က ပိုပေါများသည်။ တင်းကုပ်တွင် မှက်၊ ခြင်၊ ယင်တို့ဒဏ်မှ ကာကွယ်ရန် မီးဖိုပေးရသည်။

ငမိုးသည် ကိုကြာလယ်ကို လက်စားဖြေထွန်ပြီးနောက် အိမ်ပြန်ရောက်သောအခါ ညနေ သုံးနာရီခန့် ရှိလေပြီ။ ဘစံက "ငမိုးရေ ဒီမှာ လယ်သမားမှတ်ပုံတင်စာအုပ်နဲ့ ပိုက်ဆံ သာယာကုန်းစိုက်ပျိုးရေးစခန်းကိုသွားပြီး ဓာတ်ဆားထုတ်ပေးပါဦး"

"ဟုတ်ကဲ့ ဘစံ"

ဘစံက အင်တုံနှစ်လုံးတွင် နှမ်းဖတ်ရည်အသင့်ဖျော်ထားသည်။ ငမိုးသည် နွားနှစ်ကောင်ကို နှမ်းဖတ်ရည်တိုက်ပြီး သာယာကုန်းရွာ စိုက်ပျိုးရေးစခန်းသို့ မောင်းထွက်ခဲ့သည်။ ဇီးဖြူပင်နှင့် သာယာကုန်းစိုက်ပျိုးရေးစခန်းက သုံးမိုင်ဝေးသည်။ စိုက်ပျိုးရေးစခန်းက သာယာကုန်းရွာထိပ် ရန်ကုန်-ပြည်ကားလမ်း မီးရထားလမ်းအလွန် နောက်ဘက်မိုင်ဝက်ခန့် အကွာတွင် တည်ရှိသည်။ ထိုခေတ်က ဓာတ်ဆားနှင့် မြေဆီကို အစိုးရက ထုတ်ပေးသည်။

စခန်းဝင်းအတွင်း ရောက်သောအခါ ငမိုးက သိပ်ကြာမည်မထင်၍ နွားတွေကို လှည်းကမဖြုတ်၊ သင့်တော်သည့်နေရာတွင် လှည်းကိုရပ်၍ နွားပခုံးသက်သာစေရန် လှည်းထောက်ကိုသာ ထောက်ထားလိုက်သည်။

စခန်းအတွင်းရှိ အဆောက်အအုံထဲသွားကာ လယ်သမားမှတ်ပုံတင်စာအုပ်ကို ထပ်လိုက်သည်။ မကြာမီ စိစစ်၍ ငွေသွင်းပြီးသောအခါ စခန်းအနောက်ဘက်ရှိ ဂိုထောင်တွင် ဓာတ်ဆားထုတ်ရန်အတွက် မိမိလှည်းဆီသို့ ပြန်လာခဲ့သည်။

"ဟောဗျာ"

ငမိုး နှုတ်မှ အာမေဋိတ်စကားသံ။ လှည်းရပ်ထားရာနေရာတွင် လှည်းနှင့်နွားများ မရှိတော့ ထောက်ထားသည့် လှည်းထောက်သာ မြေပေါ်တွင် ကျန်ခဲ့သည်။ အချိန်က ညနေစောင်း အလင်းရောင်တို့ အားနည်းစပြုပြီ။ ဖြုတ်၊ မှက်၊ ခြင်၊ ယင်တို့ပိုကိုက်လာသည်။

"သေချာပါပြီ၊ မောင်စဥ ဦးဆောင်ပြီး အိမ်ပြန်သွားတာဖြစ်ရမယ်။ ငမိုးသည်သို့တွေးပြီ၊ မိမိကဲ့သို့ ဓာတ်ဆားထုတ်ရန်လာသည့် တစ်ရွာတည်းသား သိန်းအောင်နှင့် တင်လှိုင်တို့ လှည်းပေါ်သို့ ဓာတ်ဆား ၅လုံးနှင့် မြေဆီနှစ်လုံးကိုမျှတင်ကာ ရွာသို့ပြန်လိုက်ခဲ့ရသည်။

အိမ်သို့ ပြန်ရောက်သောအခါ ငမိုးသည် တင်းကုပ်မီးဖိုဘေး၌ထိုင်ကာ ကောက်ရိုးဝါးပြီး စားမြုံ့ပြန်နေသော နွားနှစ်ကောင်ကို တွေ့ရလေသည်။ ဘစံသည် အလုပ်ကို အလျင်စလို လုပ်တတ်သည်။ ငမိုး၏ စရိုက်ကို သိသူ ပီပီ တန်းလျားတွင် ထိုင်လျက် ပြုံးစစ မျက်နှာလေးနှင့် ပြောင်းဖူးဖက်လိပ်ကို ဖွာရှိုက်နေလေသည်။ ဇီးဖြူပင်တစ်ရွာလုံးရှိ ရွာသူ၊ ရွာသားများကမူ အိမ်သို့ တန်းတန်းမတ်မတ်ပြန်လာသော ဘစံ၏ လိမ္မာသော နွားတစ်ရှဉ်းကို ချီးကျူး၍မဆုံး။

(၆)

"သည်ဘဝ သည်မျှသာ"

လောကဓံတရား သင်္ခါရတရားတို့မည်သည် လူတိုင်းတွေ့ကြုံရင်ဆိုင်ရမည့် တရားများသာ ဘစံတို့ဇနီးမောင်နှံမှာလည်း အသက် ၇၅ နှစ်အရွယ် ရပ်ရွာ၏ ကန်တော့ခံ အဘိုးအဘွားအရွယ်သို့ ရောက်ခဲ့ပြီ။ သည့်အတွက် နွားတွေကို မကြည့်ရှု၊ မစောင့်ရှောက်နိုင်တော့ပေ။ နွားတွေကို ရောင်း၍ လယ်တွေကို ပျိုးလက်ပစ်ချရပေတော့မည်။ နွားရောလူပါ ငှားရသည့်သဘော လယ်လုပ်သူကို တစ်ဧက ၁၂ တင်းပေးရပေမည်။ ကျန်တာကိုသာ စားရပေမည်။

ဘစံက မိမိနွားတစ်ရှဉ်းကို မလွဲသာ၍ ရောင်းရပေမယ့် သခင်ကောင်းနှင့် တွေ့စေလိုသည်။ တစ်နေ့---ဘစံတို့နေသော မီးရထားလမ်းအနောက်ဘက် ၈ မိုင်ခန့်ဝေးသော ရွာကြီးတစ်ရွာမှ မိမိပိုင်နွားတစ်ရှဉ်းကို ရောင်းချရန် ဆုံးဖြတ်လိုက်သည်။ ထိုဒေသကား မြစ်ချောင်းအင်းအိုင်ပေါ၍ စိုက်ပျိုးရေးဖြစ်ထွန်းသည်။ တစ်နှစ်ပတ်လုံး ယာခင်း၊ စိုက်ခင်းများနှင့် နွား၊ မြက်ရေစာပေါပြီး စိမ်းလန်းစိုပြည်သောဒေသ "ကဲ ဖေ့သား မောင်စဥတို့ သခင်သစ်ဆီလိုက်သွားပေတော့"

ဘစံက နောက်ဆုံးအနေဖြင့် မောင်စဥနှင့်အလိုက် နွားညိုကြီးကို ပွတ်သပ်ချော့မြူလေသည်။ ထိုစဉ် မောင်စဥမျက်လုံးအိမ်တွင် မျက်ရည်များ ဝိုင်းနေသည်ကို ကိုဘစံတွေ့လိုက်ရသည်။ နွားဝယ်လာသူနှင့် သူ့မိတ်ဆွေသည် နွားနှစ်ကောင်ကို တင်းကုပ်မှ ဆွဲထုတ်စဉ် နွားကြီးနှစ်ကောင်က လိုက်လိုဟန်မပြအထူးသဖြင့် မောင်စဥက တွေတွေကြီးရပ်ခံနေသည်။

ဘစံက "လိုက်သွားပါသားတို့ရယ်၊ မင်းတို့ ကံကောင်းမှာပါ။ မင်းတို့ရောက်မယ့်အရပ်က အစာရေစာပေါတယ်၊ ငါ့အိမ်မှာလို မင်းတို့ပင်ပန်းမှာ မဟုတ်ပါဘူး။"

ဒီတော့မှ မောင်စဥနှင့် နွားညိုကြီးမှာ မလှမ်းချင် လှမ်းချင်နှင့် လိုက်လေသည်။ နွားဝယ်သူတို့သည် နွားလှည်းနှင့်လာသူများဖြစ်၍ နွားနှစ်ကောင်ကို လှည်းနောက် ရုံတိုင်၏ တစ်ဖက်တစ်ချက်တွင် ချီကာ ဆွဲခေါ်လေသည်။ ရွာလယ်ကျွဲလမ်းပေါက်သို့ရောက်သောအခါ အလိုက်နွားညိုကြီးက မည်သို့မျှမပြုမူသော်လည်း ငယ်မွေးခြံပေါက် မောင်စဥမှာ ရုံတိုင်တွင် ချီထားသောကြိုးကို အတင်းဆောင့်ဆွဲ၍ ရွာလယ်ကျွဲလမ်းပေါက်မှတစ်ဆင့် ထွက်ပြေးသွားလေသည်။

နွားဝယ်သူတို့လည်း ဘစံထံသို့ နွားလွတ်သွားကြောင်း အကြောင်းကြားရာ ဘစံမှ အရပ်လေးမျက်နှာ ဘယ်အရပ်သို့ ပြေးလေသနည်းဟု မေးလေသည်။ ထိုသူတို့က တောင်အရပ်ဟု ဆိုလေသဖြင့် ဘစံက မောင်စဥ ပုန်းနိုင်သောနေရာကို စိတ်ထဲမှ မှန်းဆရာ တောင်အရပ် လယ်တစ်ကွင်းအကွာ သက်ငယ်ပြင်ရွာနှင့် သေနပ်ကျင်းရွာကြားရှိ တောတန်းကလေးဖြစ်မည်ဟု တွေးဆမိလေသည်။ ဤနေရာသည် မောင်စဥ ခြံပေါက်နွားငယ်ဘဝက ကျင်လည်ကျက်စားရာ နေရာတည်း။

ဘစံသည် လယ်တစ်ကွင်းခရီးမျှဝေးသော ထိုအရပ်သို့သွားပြီး တောစပ်မှနေ၍ မောင်စဥ ကြားနိုင်ရန် အသံပေးလေသည်။

"ဖေ့သားကြီးမောင်စဥ အဖေ့ထံပြန်လာခဲ့ပါ။ မင်းအဖေထံမှာ နေရင် ဆင်းရဲမယ်။ ပင်ပန်းမယ်။ ဒါ့ကြောင့် မင်းတို့နဲ့သင့်တော်တဲ့ အရပ်ကို လိုက်သွားပါတော့။"

ဤကဲ့သို့ ဘစံက နှစ်ခါသုံးခါမကလေးငါးခြောက်ခါအော်ပြောသောအခါ မောင်စဥသည် ခေါင်းငိုက်စိုက်နှင့် သူ့မျက်လုံးအိမ်မှာ မျက်ရည်ပေါက်ကြီးများ တတွေတွေကျဆင်းလျက်ဘစံထံသို့ တည့်တည့်မတ်မတ်ရောက်လာလေသည်။ ဘစံသည် မောင်စဥ၏ ခေါင်းကိုကိုင်ကာ ပွတ်သပ်ချော့မြူလျက် မိဘကို ပြုစုလုပ်ကျွေးသလို တို့ကိုပြုစုလုပ်ကျွေးခဲ့တဲ့ မောင်စဥ မင်းကိုလည်းတို့က သားနှင့်မခြား ပြုစုစောင့်ရှောက်ခဲ့ပါ၏။ ဤမှန်သောသစ္စာစကားကြောင့် နောက်ဘဝမှာ မင်းသုဂတိဘုံများ ရောက်ခဲ့ရင် တို့တတွေ သားအဖအဖြစ်နဲ့ ပြန်လည်ဆုံတွေ့ပါရစေလို့ ဆုတောင်းလိုက်ပါတယ်ကွယ်။

ဘစံနှင့် မောင်စဥတို့၏ အဖြစ်ကို မြင်တွေ့ရသော နောက်ကလိုက်လာသည့် နွားဝယ်သူနှစ်ယောက်မှာလည်း စိတ်မကောင်းစွာ ထိခိုက်လျက် မျက်ရည်များပင် လည်နေကြသည်။ ထို့နောက် ဘစံသည် မောင်စဥကို နွားဝယ်သူများထံ လွှဲပြောင်းပေးလိုက်ရာ မောင်စဥသည် ရှန်းကန်ခြင်း မပြုလေတော့ဘဲ သိမ်မွေ့ညင်သာစွာ လိုက်ပါသွားလေတော့သည်။




## ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်း ဒုတိယအကြိမ် စာတမ်းဖတ်ပွဲ ကျင်းပ

**မန္တလေး မတ် ၂**

မန္တလေး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ဒုတိယအကြိမ် စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀နာရီက ၃၅လမ်းနှင့် လမ်း၉၀ထောင့်ရှိ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားမှူးအဖြစ် ဆရာစိုင်းအောင်မိန်း(မိုတိုင်း)က ဆောင်ရွက်ပြီး အခမ်းအနားကို စတင်ဖွင့်လှစ်ကာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စာတမ်းရှင် မြို့နယ်စာရေးဆရာအသင်း ယာယီဥက္ကဋ္ဌ ဆရာမတင်မမခိုင်(မန်းတက္ကသိုလ်)က 'စေတီယကထာရာဇဝင်' ခေါင်းစဉ်ဖြင့် စာတမ်းကိုဖတ်ကြားပြီး မြို့နယ်စာရေးဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဆရာဒေါက်တာထွန်းမောင်က 'ကျန်းမာရေးအတွက် အရေးကြီးသော သွားနှင့်သွားအကြောင်း သိကောင်းစရာအကျဉ်း' ခေါင်းစဉ်ဖြင့် စာတမ်းများ ဖတ်ကြားကြသည်။

ဆက်လက်၍ အဆိုပါ စာတမ်းရှင်နှစ်ဦးတို့ ဖတ်ကြားသော စာတမ်းများကို အခမ်းအနားတက်ရောက်လာကြသူများက စာတမ်းမှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စာတမ်းရှင်များက ပြန်လည်ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားသို့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြို့နယ်စာရေးဆရာအသင်းမှ ဆရာ၊ ဆရာမများ၊ စာပေဝါသနာရှင်များ တက်ရောက်ကြကာ စာတမ်းရှင် ဒေါက်တာထွန်းမောင်က ကြက်ဆီထမင်း၊ ဆရာမတင်မမခိုင်(မန်းတက္ကသိုလ်)က မြန်မာ့ရိုးရာအစားအစာ ဘိန်းမုန့်တို့ဖြင့် အခမ်းအနားတက်ရောက်လာကြသူများအား ဧည့်ခံကျွေးမွေးကြောင်း သိရသည်။

(အပေါ်ဝဲပုံ) PNT

## ကီးမားတင်ဝင်းကဖေး၏ (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် နှစ်ပတ်လည်ပွဲ၊ ဝန်ထမ်းကောင်းဆုများပေးအပ်

**မန္တလေး မတ် ၂**



မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၃၅လမ်းနှင့်၇၆လမ်းထောင့်ရှိ မန္တလေးကီးမားတင်ဝင်းကဖေး၏ (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် နှစ်ပတ်လည် အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်း၊ အမျိုးသားစာပေဆုရ ဆုရှင်များဖြစ်သော ဆရာနေဝင်းမြင့်၊ ဆရာမဒေါ်ခင်ခင်ထူး၊ ဆရာဆူးငှက်၊ ဒေါ်ယဉ်ယဉ်နုနှင့် စာရေးဆရာ၊ အယ်ဒီတာ၊ ကဗျာဆရာများ၊ သတင်းမီဒီယာများ၊ မြန်မာ့ရိုးရာလက်ဖွဲ့ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စာရေးဆရာမခင်ခင်ဝင်း(ပညာရေး)က (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားစာပေဆုရ ဆရာဆူးငှက်က မုဒိတာစကားပြောကြားပြီး ဦးတင်ဝင်းမောင်+ဒေါ်ခင်မြမြတို့အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခြင်း၊ ကီးမားဦးတင်ဝင်းမောင်နှင့်ဇနီး ဒေါ်ခင်မြမြတို့က ဆိုင်ဝန်ထမ်းများအား ဝန်ထမ်းကောင်းဆုများ ပေးအပ်ခြင်း၊ အ.ထ.က(၂)ကျောင်းသား၊ ကျောင်းသူဟောင်းများက အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်ခြင်းများပြုလုပ်ကြပြီး တက်ရောက်လာသူများအား နံနက်စာ ဒံပေါက်ထမင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။(အပေါ်ဝဲပုံ)

(၀၇၀)



## မွေးနေ့အထိမ်းအမှတ် စာအုပ်များ လှူဒါန်း

**မန္တလေး မတ် ၂**

သုခမရင်ပြင်စာပေနာယက စာရေးဆရာဘုန်းဇော်မိုး(ဥဿာ)၏ (၅၁)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီး ရေနီမြို့ အနာဂတ်အလင်းတန်းများစာကြည့်တိုက်သို့ မွေးနေ့အထိမ်းအမှတ်အဖြစ် 'ရှိုက်ဖွေသောမိုး' 'ရာမည၏ အလှသစ္စာနှင့် လွမ်းရတုစာစေ' အပါအဝင် သုတရသစာအုပ်များအား သုခရင်ပြင်စာပေမှ စာရေးဆရာစိုင်းမြတ်သူ(ရွှေဘို-စာပေစေတမန်)က ယမန်နေ့က စာအုပ်များကို လှူဒါန်းရာ စာကြည့်တိုက်မှူးက လက်ခံရယူပြီး ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားခဲ့ကြောင်း သိရသည်။(အောက်ပုံ) PNT



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## လက်ရန်းငယ်ပျို

* ချစ်တဲ့သူငယ်လေ
သူငယ်ချင်းကောင်း ယောက်မတို့လေ။
* နွားကိုလည်းကျောင်း ထင်းချောင်းကိုခွေ
မြင်းဇောင်းသန့်ရှင်း ထမင်းရည်ကို
တွင်းရေခပ်လို့ နပ်ရတယ်
ထင်းသေသပ်အောင် ထပ်ရတယ်
သင်းခွေချပ်လို ထပ်ရတယ်။
* လျှို့ဖွယ်ဟင်းစား ပုစွန်ဖားကယ်ခုန်
သားငါးလည်းပါ သီးညှာအစုံ
ရွာဘုံဇရပ် ကပ်ရတယ်
ကြာငုံကလပ် ကပ်ရတယ်
ဇာခြုံမလပ် ထပ်ရတယ်။
* ပုစွန်လုံးကောင် ထွန်တုံးရှောင်
နွံ့ဖုံးသယောင် ဝပ်တယ်တော်ရေ့။
* မန်ကျည်းရွက်ခူး ဇီးကွက်ပြူး
ဆီးခက်စူးလို့ သပ်တယ်တော်ရေ့။
* ခါးစောင်းမပြုတ် ပေါင်းအနုတ်
တောင်းအထုပ်ကို အပ်တယ်တော်ရေ့။
* ကြော့နမငယ် မျှော့ကတွယ်
လျှော့ချမလွယ် ကျပ်တယ်တော်ရေ့။
* ငါးခြုံအနှိုက် ဖားစုံရိုက်
ပျားအုံသိုက်လည်း လုပ်တယ်တော်ရေ့။
* ကြာဖူးအပေါင်း စာဘူးတောင်း
ရွာဦးကျောင်းမှာ ညပ်တယ်တော်ရေ့။
* မညောင်းတညောင်း မောင်းအထောင်း
တမြောင်းမြောင်းကြောင့် ရပ်တယ်တော်ရေ့။
* ရေချိုးအထွက် နေညိုးလျက်
ရေအိုးရွက်လို့ ခပ်တယ်တော်ရေ့။
* ကျားအိုတစ်သိုက် ပျားလိုလိုက်ရင်
ပါးကိုရိုက်လို့ စပ်မယ်တော်ရေ့။
* ထန်းခေါက်တင်းတောင်း
တစ်ယောက်ချင်းရောင်း
ကောက်ညှင်းပေါင်းလည်း နပ်တယ်တော်ရေ့။
* ပလုတ်ပလောင်း မြှုပ်ထနောင်း
ငရုတ်ထောင်းက စပ်တယ်တော်ရေ့။
* မာယာမပါ ရွာအညာ
စာကဗျာလည်း စပ်တယ်တော်ရေ့။
* အလိုလေ့ အိုင်
အားကုန်တဲ့အခါ
ပျားအုံရှာ
မီးစာကုန် ဆီခန်းလျှင်တော့
လက်တစ်ကမ်းပေမို့
လက်ရန်းငယ်ပျို တေးသံချိုဘိ
သီဆိုသီချင်း ဘွဲ့အိုင်ချင်းနှင့်
ချက်ချင်း ကိုင်လေး။ ။

ဇော်ဝင်း(မရွှိမ)

# သတင်းပဒေသာ

## သတင်းစကားလက်ကမ်း စာစောင်များ ဖြန့်ဝေ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ် အတွင်းရှိ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့်စပ်လျဉ်း၍ သိရှိနားလည်နိုင်စေရန် ရည်ရွယ်ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိကောင်းစရာများ ပါဝင်သော သတင်းစကားလက်ကမ်းစာစောင်များကို မတ် ၁ ရက် နံနက် ၁၀ နာရီက မြို့မဈေးရှေ့နှင့် လူစည်ကားရာနေရာများတွင် ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အိမ်မွေးခွေးများအား ခွေးရူးရောဂါကြိုတင်ကာကွယ်ဆေး ထိုးနှံပေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ဥတ္တရသီရိမြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် မွေးမြူထားသော အိမ်မွေးခွေးများအား ခွေးရူးရောဂါကြိုတင်ကာကွယ်ဆေးကို မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လိုက်လံထိုးနှံပေးခဲ့သည်။ ခွေးရူးရောဂါဖြစ်သော ခွေး၊ ကြောင်တို့မှ လူ(သို့မဟုတ်) တိရစ္ဆာန်သို့ ကူးစက်ခံရပါက အသက်အန္တရာယ် ဆုံးရှုံးနိုင်သဖြင့် ခွေးလေခွေးလွင့်ကောင်ရေ လျှော့ချရေး၊ ခွေးရူးရောဂါကာကွယ် ဆေးထိုးနှံပေးခြင်း၊ မွေးမြူသူကိုယ်တိုင် မိမိ၏တိရစ္ဆာန်(ခွေး၊ ကြောင်)များကို ကောင်းမွန်စွာ ကြည့်ရှုစောင့်ရှောက်သည့် အလေ့အထများ ရှိလာစေရန် ရည်ရွယ်၍ ထိုးနှံပေးခြင်းဖြစ်ပြီး ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းဖြင့် တိရစ္ဆာန်မှတစ်ဆင့် လူသို့ ကူးစက်ခြင်း၊ တိရစ္ဆာန်အချင်းချင်း ကူးစက်ခြင်းများကို ကာကွယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိပြီး ဥတ္တရသီရိမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားများက ယနေ့တွင် ဇလောင်းကျေးရွာနှင့် ဥတ္တရသီရိရပ်ကွက်တို့တွင် ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ လိုက်လံထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကလေးများအား ပိုလီယိုရောဂါကာကွယ်ဆေး(အစက်ချဆေး) တိုက်ကျွေး

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အသက်(၂)လမှ (၅၉)လ ကလေးများအား ပိုလီယိုရောဂါကာကွယ်ဆေး(အစက်ချဆေး)တိုက်ကျွေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက လူမှုဝန်ထမ်းဦးစီးဌာနပိုင် မူကြိုကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကာကွယ်ဆေးတိုက်ကျွေးရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝါဝါညွန့်ရွှေ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်အမျိုးသမီးရေးအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက် လူမှုဝန်ထမ်းဦးစီးဌာနပိုင် မူကြိုကျောင်းမှ ကလေးငယ်များအား ပိုလီယိုရောဂါကာကွယ်ဆေး (အစက်ချဆေး) တိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စာမေးပွဲဆိုင်ရာ လုပ်ငန်းရပ်များ ရှင်းလင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade -5 နှင့် Grade - 9 ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများ စာမေးပွဲဆိုင်ရာ လုပ်ငန်းရပ်များ ရှင်းလင်းပွဲကို မတ် ၁ ရက် နံနက် ၉နာရီက လွိုင်လင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဆရာကြီး ဦးမိုးက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ဒုတိယမြို့နယ်ပညာရေးမှူး ဦးထွန်းထွန်းက စာမေးပွဲကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာဖြူက စာမေးပွဲကျင်းပစဉ် ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်းကောင်း အသီးသီးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး မတ် ၂**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင် အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။



ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ BA)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာ ဟောကြားချီးမြှင့်ပြီး ဖခင် ဦးဒေါင်း၊ မိခင် ဒေါ်ညွန့်ခင်၊ သား ကိုဝင်းမော် တို့အားရည်စူး၍ ကျန်ရစ်သူ သားသမီးတစ်စု မန္တလေးမြို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၄ သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ငါးသိန်း၊ စုစုပေါင်းငွေကျပ် ၁၉ သိန်းကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ အလှူရှင် မိသားစုများက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၃၆)

## ဝန်ထမ်းမိသားစုများ စုပေါင်း၍ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ

**မန္တလေး မတ် ၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆ လမ်း၊ ၆၈ လမ်းနှင့်လမ်း ၇၀ ကြားတွင် နေထိုင်သည့်ဝန်ထမ်းမိသားစုများ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့နံနက်ပိုင်းက (၁၂၀)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ကြက်သားချက်၊ ပဲတီချဉ်သုပ်တို့ကို ၃၆ လမ်းနှင့် ၆၉ လမ်း ထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၅၀ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## (၁၉၉)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲ ကျင်းပ

**မန္တလေး မတ် ၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက် အကွက်(၈ဝ၆)၊ လမ်း၆ဝနှင့်၂၈ လမ်းထောင့် မြေပဒေသာလမ်းသွယ်ရှိ ဆုံစည်းရာ အရဏ်ဆွမ်းကပ်နှင့်ဆွမ်းလောင်းအသင်း၏ (၁၉၉)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ အသင်းရုံးရှေ့၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့်အသင်းဝင် လူငယ်မောင်မယ်များက လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာကြသည့် သံဃာတော်များအား အရုဏ်ဆွမ်းကြာဆံကြော်နှင့် ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လောင်းလှူကြသည်။

(၁၉၉)ကြိမ်မြောက်ဆွမ်းလောင်းလှူပွဲကြီး အောင်မြင်နိုင်ရေးအတွက် အလှူရှင်ဆရာမကြီး ဒေါ်နှင်းနှင်းမော်၊ ဆရာမကြီး ဒေါ်နုနုရီ(CAE) ပညာရေးမိသားစု၊ ကိုလှိုင်မြင့်(စတီးဆိုင် ၂၆လမ်းမိသားစု)၊ ဒေါ်မမ (ပတ္တမြားသုခ)မိသားစု၊ တိုးတက်ကုန်မာဆိုင်နှင့် အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေး ခြံ)မိသားစု၊ပွင့်ဖူးသွားနှင့်ခံတွင်းဆေးခန်းမိသားစု၊ ရှမ်းဌာနေစားသောက်ဆိုင်မိသားစု၊ ဖခင်ကြီး ဦးကိုးအောင်+မိခင်ကြီး ဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့်သားတပည့်များ၊ ကိုကျော်ကျော်+မတင်မမ(မြရောင်ခြည်)ကဖေးမိသားစု၊ ဦးမြင့်နိုင်+ဒေါ်တူးတူး(၁၉လမ်း)မိသားစု၊ ဦးကျော်သူနှင့်ဇနီးမိသားစု၊ ဦးခင်မောင်ရီနှင့်ဇနီးမိသားစုတို့က မတည်လှူဒါန်းခဲ့ကြကြောင်းနှင့်အဆိုပါ အသင်းကြီးသည် လစဉ် မြန်မာလဆန်း ၃ရက်နေ့တိုင်း ဆွမ်းလောင်းလှူလျက်ရှိရာ ပါဝင်လှူဒါန်းလိုသူအလှူရှင်များအနေဖြင့် ဖုန်း ဝ၉-၄ဝ၂၅၃ဝ၃၇၄နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၁)



## ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး မတ် ၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ၈၇ စီလမ်း၊ ၁၂ လမ်းနေ ကွယ်လွန်သူ ဦးငွေးမောင်၊ မောင်ဇော်မင်း၊ မောင်ဇော်ဝင်း၊ မခင်မာငွေးတို့အား ရည်စူး၍ ဒေါ်အိမ်မြဲ၊ ဒေါ်ခင်မာ၊ ဦးကျော်လင်း မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်းကို လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူးဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(ကဆ)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

မျက်စိလှူကြ
မျက်ကြည်ရ
မြတ်သည့် လှူဒါန်း။

# ထန်းရွက်ပုတီးလေးဆွဲဖို့ ရွှေစာရံကို အရောက်သွားလို့ ဝယ်

**ရွှေစာရံ**

မြန်မာနိုင်ငံတွင် ရွှေစာရံ ဟူသော ဘွဲ့တော်ဖြင့် ထင်ရှားသော ဘုရားစေတီနှစ်ဆူရှိ၏ တစ်ဆူမှာ မွန်ပြည်နယ်တွင် တည်ရှိသော သထုံရွှေစာရံစေတီတော်ဖြစ်ပြီး အခြားတစ်ဆူမှာ မန္တလေးမြို့မှ အရှေ့တောင်ဘက် (၁၄)မိုင်အကွာ မန္တလေး-ပြင်ဦးလွင် ကားလမ်းနံဘေး နားထွေးကျချောင်းကမ်းခြေရှိ ရွှေစာရံရွာတွင်တည်ရှိသည်။ ထိုဘုရားမှာ -

> " **အရှေ့ရွှေစာရံ၊ ပုဂံအနောက်**
> **တောင်မြောက် ရင်မျှော၊**
> **သီဟတောဟု၊ လောကဓာတ်တွင်း**
> **ခြောက်ရောင်လင်းသား၊**
> **သနင်းမှန်ကူ၊ ကျော်လေးဆူ** "

ဟူသော ကင်းဝန်မင်းကြီး၏ စခန်းစဉ်အလင်္ကာအရ အရှေ့အရပ်တွင် 'ရွှေစာရံစေတီတော်'၊ ပုဂံအနောက်အရပ်တွင် 'ရွှေစည်းခုံစေတီတော်'၊ တောင်ဘက်မိတ္ထီလာတွင် 'ရွှေရင်မျှော်စေတီတော်'နှင့် မြောက်ဘက်တွင် 'အညာသီဟတောဘုရား'ဟူသော ကျော်လေးဆူတွင် တစ်ဆူ အပါအဝင် ဖြစ်သည်။

**သမိုင်းထဲက ရွှေစာရံ**

အနော်ရထာမင်းကြီးသည် (အေဒီ-၁၀၅၈) ခုနှစ်တွင် တရုတ်ပြည်နန်းချောင်မှ စွယ်တော်ပင့်ပြီး ပြန်ချိန်တွင် ရှမ်းပြည်အရောက် မောဝ်ကိုးပြည်ထောင် အစိုးရသော ကမ္ဘောဇပြည့်ရှင်စော်ဘွား'စောလုံဟုမ်မိန်း'မှ ရှမ်း-မြန်မာ ချစ်ကြည်ရေးအတွက် သမီးတော် စောမွန်လှ(စဝ်မွမ်းလ)ကို အနော်ရထာမင်းထံ ဆက်သခဲ့သည်။ အနော်ရထာမင်းကြီးက ရှမ်းမင်းသမီးအား မြတ်နိုးတော်မူသည်ကို အခြားမိဖုရားများက မနာလိုဝန်တိုကာ မိဖုရားစောမွန်လှကို စုန်းကဝေဟု စွပ်စွဲကြလေ၏။ အနော်ရထာမင်းကြီးက ယုံကြည်သက်ဝင်ပြီး မိဖုရားစောမွန်လှကို ဇာတိမြေသို့ ပြန်လွှတ်ခဲ့လေသည်။

စောမွန်လှသည် မိုင်းမောဝ်မြို့သို့ အပြန်လမ်းခရီးတွင် 'ပန်းချောင်း'ကို ဖြတ်ကူးနေချိန်၌ နားတွင် ပန်ဆင်ထားသော 'နားထွေး'မှာ ကျွတ်ကျခဲ့၏။ ချောင်းအတွင်း၌ နားထွေးကို ပြန်လည်ရှာဖွေနေစဉ် 'နားထွေး'မှာ ဓာတ်တော်များ ကွန့်မြူးလျက် ကောင်းကင်တွင် စာငှက်များ အော်မြည်ဝန်းရံနေသည်ကို တွေ့ရလေသည်။ ထိုအခါ မိဖုရားစောမွန်လှမှ အဓိဋ္ဌာန်ပြုဆုတောင်းရာ နားထွေးမှာ ပြန်လည်ရရှိလေ၏။ ထိုစာငှက်များ ဝန်းရံလျက်ရှိသော နေရာတွင် ဆယ့်တစ်မီးငြိမ်းစေရန် နားထွေးကို ဌာပနာပြုပြီး စေတီငယ်တစ်ဆူကို ခရစ်နှစ် ၄၁၆ ခုနှစ်တွင် တည်ထားခဲ့သည်။ ထိုစေတီကို 'ရွှေစာရံစေတီ'ဟု အမည်သမုတ်ခဲ့ပြီး ပန်းချောင်းကိုလည်း ထိုအချိန်မှစ၍ 'နားထွေးကျချောင်း'ဟု ခေါ်တွင်ခဲ့သည်။

ရွှေစာရံဘုရားတွင် ထူးခြားချက် ၃ ခု ရှိ၏။ ထူးခြားချက်တစ်ခုမှာ မိဖုရားစောမွန်လှ ဘုရားတည်သည်ကို ကြားသိရသောအခါ အနော်ရထာမင်းကြီးသည် မင်းချင်းများကို စေလွှတ်ထောက်လှမ်းစေခဲ့ရာ ထိုအကြောင်းကို မိဖုရားစောမွန်လှကြားသိသောအခါ ရှမ်းပြည်ဘက်သို့ မုခ်ဦးလှည့်၍ တည်ထားသော ငါးတောင်ပြည့်စေတီတော်ကို မြတဘက်နှင့်ပတ်ကာ သစ္စာပြုဆုတောင်း၍ လှည့်စေခဲ့သည်။ ထိုအခါ ဘုရားစေတီမုခ်ဦးသည် ပုဂံပြည်ဘက်သို့ လှည့်၍ မျက်နှာပြုဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် 'မုခ်ဝပြောင်းပြန်ရွှေစာရံစေတီ'ဟု လူသိများခဲ့၏။ ထိုမှတစ်ဆင့် ဘုရားဂေါပကအဖွဲ့မှ 'သစ္စာအဓိဋ္ဌာန် ရွှေစာရံဆုတောင်းပြည့်မြတ်စေတီ'ဟု ဘွဲ့အမည် ပြောင်းလဲခဲ့သည်။

ရွှေစာရံစေတီ၏ ဒုတိယထူးခြားချက်မှာ ရွှေစာရံစေတီဝင်းအတွင်း၌ အဆိပ်ပြင်းသော မြွေဟောက်တို့သည် အာစေးထည့်ထားသကဲ့သို့ မကိုက်နိုင်ခြင်း မြွေကိုက်ခံရသူကို ဘုရားဝင်းအတွင်းသို့ သွင်းလျှင် အဆိပ်ပြေ၍ ချမ်းသာရာရကြသည်ဟု ဆိုခြင်းဖြစ်သည်။ တတိယထူးခြားချက်မှာ မြန်မာနိုင်ငံရှိ ဘုရားစေတီများထဲတွင် ဆည်းလည်းခေါင်းလောင်းငယ်)အများဆုံးစေတီတစ်ဆူဖြစ်ခြင်း ဖြစ်သည်။

ထိုရွှေစာရံစေတီကို သက္ကရာဇ် ၄၃၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်တွင် ဘုရားဝန်းကျင် မြေတာ ၁၀၀၀ ကို အနော်ရထာမင်းမှ ပေးလှူခဲ့၏။ မြေးတော်အလောင်းစည်သူမင်းမှသည် စဥ့်ကူးမင်းအထိ မင်းအဆက်ဆက် ပြုပြင်မွမ်းမံခဲ့ပြီးလျှင် ဘုရားပွဲတော်ကို ကျင်းပခဲ့သည်။

**ရွှေစာရံဘုရားပွဲတော်**

မြန်မာနိုင်ငံ၏ ဆယ့်နှစ်လပွဲတော်များအနက် အထက်အညာဒေသပွဲတော်များတွင် တပေါင်းလ၌ မန္တလေးဒေသဝန်းကျင်တွင် ကျင်းပသော ပွဲတော်တစ်ခုမှာ 'ရွှေစာရံဘုရားပွဲတော်' ဖြစ်သည်။ နှစ်စဉ် တပေါင်းလပြည့်နေ့မှ လပြည့်ကျော် ၉ ရက်အထိ ကျင်းပလေ့ရှိ၏။ ရွှေစာရံဘုရားပွဲတော်အချိန်ရောက်ပြီဆိုလျှင် မန္တလေးမြို့မှ အရှေ့တောင်ဘက် (၁၄)မိုင်အကွာတွင်ရှိသော ရွှေစာရံစေတီသို့ ရှေးအခါက (၁၅)နှစ်သားအရွယ် လှည်းများနှင့် သွားခဲ့ကြပုံကို မန္တလေးသား စာရေးဆရာကြီး 'ရွှေဥဒေါင်း' ငယ်စဉ်ဘဝက လှည်းတွင် ပေါင်းမိုးများတပ်ကာ ထမင်းအိုး၊ဟင်းအိုးများ တင်ဆောင်၍ ည ၉ နာရီတွင် စတင်ထွက်ခွာရာ နံနက်မိုးလင်းချိန်တွင် ရွှေစာရံဘုရားသို့ရောက်ရှိခဲ့ကြောင်း ဆရာကြီး၏ 'တစ်သက်တာမှတ်တမ်း'စာအုပ်တွင် ဖော်ပြခဲ့သည်။

ယခုအခါ ရွှေစာရံဘုရားပွဲတော်သို့ မော်တော်ကားများ၊ ဆိုင်ကယ်များ၊ ထော်လာဂျီယာဉ် အမျိုးမျိုးဖြင့် သွားရောက်နေကြပြီး ရှေးမူမပျက် ပေါင်းမိုးလှည်းများတွင် လော်စပီကာနှင့် သီချင်းများဖွင့်၍ သွားလာမှု အနည်းငယ်ရှိနေသေးသည်ကို တွေ့နိုင်သေးသည်။ ထိုကဲ့သို့ ဖွင့်သော လော်စပီကာသီချင်းများထဲတွင် အထူးရေပန်းစား အဖွင့်အများဆုံးသီချင်းမှာ ဆိုင်းဆရာ 'ရွှာစားကြီး စိန်တင်ဟန်' ရေးစပ်သီကုံး၍ အဆိုတော် ဒေါ်ညိုညိုစန်း သီဆိုခဲ့သော 'ထန်းရွက်ပုတီး' သီချင်းဖြစ်၏။ ထိုထန်းရွက်ပုတီးသီချင်းမှာ 'ဒါရိုက်တာ မောင်ယဉ်အောင်'၏ 'ကိုးဆယ်ဆသာလိမ့်မယ်' ရုပ်ရှင်ကားကြီး၏ နောက်ခံဓာတ်အဖွင့်သီချင်းဖြစ်သကဲ့သို့ ရွှေစာရံဘုရားပွဲတော်နှင့် အလိုက်ဖက်ဆုံး သီချင်းတစ်ပုဒ်လည်းဖြစ်၏။ ထန်းရွက်ပုတီးကုံးများသည်လည်း ရွှေစာရံဘုရားပွဲတော်၏ အထိမ်းအမှတ် သင်္ကေတလည်း ဖြစ်သည်။

**ရွှေစာရံပွဲတော်နှင့် ထန်းရွက်ပုတီး**



ရွှေစာရံဘုရားပွဲတော်၏ သင်္ကေတ 'ထန်းရွက်ပုတီး'သည် ထန်းရွက်ဖြင့် 'အရောင်အသွေး စုံလင်စွာ အရွယ်အစားအမျိုးမျိုးပြုလုပ်ထားသော မြန်မာတို့၏ လက်မှုပစ္စည်းစစ်စစ် ဖြစ်သည်။ ထို့အပြင် အဆိုတော် ဒေါ်ညိုညိုစန်း သီဆိုခဲ့သည့် 'အသက်မကြီးသေးပေါင် မောင်ရယ် ထန်းရွက်ပုတီးလေး ဆွဲလို့ ရွှေစာရံကို အရောက်သွားလို့လည်'ဆိုသော 'ထန်းရွက်ပုတီး'သီချင်းထဲကအတိုင်း ရွှေစာရံဘုရားပွဲသို့ ရောက်လျှင် ထန်းရွက်ပုတီးကုံးကို ဝယ်ယူဆင်မြန်းမှသာ ရွှေစာရံရောက်ရှိသည့် အဓိပ္ပာယ်မှာ ပြည့်စုံသည်။

ထို့အပြင် ရွှေစာရံဘုရားအနီး ဒုဋ္ဌဝတီမြစ်တွင် ရှေးယခင်က ငါးထွေငါးကြီးများ၊ ငါးရွှေငါးကြီးများက နှစ်စဉ် ရွှေစာရံဘုရားသို့ ဘုရားဖူးလာရောက်လေ့ရှိ၏။ ဂျပန်ခေတ်ရောက်သာအခါ မိုင်းခွဲမှုများကြောင့် ဘုရားဖူးငါးကြီးများ ရောက်မလာကြတော့သည်မှာ 'နှစ်'ဆယ်စုများစွာကြာခဲ့ပြီဟု ဆိုသည်။ ထိုဘုရားဖူးငါးကြီးများကို အစွဲပြု၍ ထန်းရွက်ဖြင့် ငါးရုပ်ပုံကလေးများပြုလုပ်ကာ အမှတ်တရအနေဖြင့် ရောင်းချသည်ကို တွေ့ရ၏။ ထို့အပြင် မြန်မာမှုလက်ရာအစစ်ဖြစ်သော ထန်းရွက်ယပ်တောင်၊ ထန်းရွက်လက်ကိုင်အိတ်၊ ထန်းရွက်တံခွန်လုံး၊ ထန်းရွက်ဖာများကို ကျောက်ဆည်မြို့နယ်၊ ညောင်ဝန်းကျေးရွာမှ လက်ရာမြောက်စွာ ပြုလုပ်သည်ဖြစ်ရာ ဈေးနှုန်းမှာ ငွေကျပ် ၁၀၀၀ မှ ၂၅၀၀-၃၀၀၀ အထိ အရွယ်အစားအလိုက် ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချကြ၏။ ရွှေစာရံဘုရားပွဲလာသူများမှလည်း ဘုရားပွဲပြန်လက်ဆောင်အဖြစ် လူတိုင်းအမြတ်တနိုးဝယ်ယူကြလေသည်။

**ရွှေစာရံဘုရားပွဲတော်ဈေး**

ရွှေစာရံဘုရားပွဲတော်ဈေးတန်းကို ရှမ်းဈေးတန်းနှင့် မြန်မာဈေးတန်းဟူ၍ နှစ်မျိုးခွဲခြားတွေ့ရ၏။ ရှမ်းဈေးတန်းတွင် ရှမ်းပြည်နယ်မှ ထွက်သော ကိုယ်တိုင်စိုက်ပျိုး၊ ကိုယ်တိုင်ပြုလုပ်သည့် ပဲပုပ်၊ မုန်ညင်းချဉ်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဂျင်းစိမ်း (ချင်း)၊ နနွင်း၊ တရော်ကင်ပွန်းသီးများအပြင် ရှမ်းရိုးရာ အစားအစာဖြစ်သော တို့ဟူးခြောက်၊ မုန့်ခေါင်းအုံး၊ ငါးမုန့်ကြော်၊ မုန့်လေပွေများကို ခြင်းတောင်းကြီးများဖြင့် အများအပြား ရောင်းချကြ၏။ ရှမ်းပြည်နယ်မှ ထွက်သော သစ်ဥသစ်ဖုများ၊ ဆေးမြစ်စုံများ မျှစ်ချဉ်၊ မျှစ်စိမ်းများနှင့် ပျိုမေတို့အကြိုက် တောင်ပေါ်သဇင်များ၊ သစ်ခွမျိုးစုံများကို ရောင်းချရာ ဝယ်ယူသူများနှင့် စည်ကားနေလေ့ရှိသည်။ ပြင်ဦးလွင်၊ လိပ်ကျ၊ သံတောင်၊ မြေပုံပေါ် (အပေါ်စခန်း)ရွာသူ၊ရွာသားများ၏ တန်ဆောင်မုန်းလကတည်းက 'သိုက်ဝါး'များကို နီးဖြာ၊ အခြောက်လှန်း၊ နေလုံမိုးလုံတွင် သိမ်းဆည်းထားသော 'နီးများ'မှာ ကြာရှည်အထားခံခြင်း၊ စပါးပျိုးပင်ထုံးရန်၊ အိမ်အမိုးချည်ရန်၊ ဝင်းထရံချည်ရန်အတွက် မန္တလေးအနီးတစ်ဝိုက်မှ တောင်သူများက အားထားဝယ်ယူကြရာ အရောင်းသွက်လှသည်။

မြန်မာဈေးတန်းတွင် ထန်းရွက်ဖြင့် ပြုလုပ်သော လက်မှုပစ္စည်းအရောင်းဆိုင်များ တောင်သူသုံးကိရိယာများဖြစ်သော (နဖားကြိုး၊ နွားလည်ပတ်၊ ခြုလုံး၊ နွားချည်ကြိုး၊ တံပြာတုတ်)စသည့် အရောင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ အိုးခွက်ပန်းကန်အရောင်းဆိုင်များဖြင့် စည်ကားလှ၏။ အထူးသဖြင့် ရွှေစာရံဘုရားပွဲတော်ချိန်တွင် ဒုဋ္ဌဝတီမြစ်ရေတိမ်သော အချိန်ဖြစ်ရာ မြစ်ကမ်းစပ်ရှိ စားသောက်ဆိုင်များတွင် စားသောက်ရင်း ရေကစားကြခြင်း၊ ငှက်လှေစီးကြခြင်းကြောင့် 'အကြိုသင်္ကြန်ရွှေစာရံ'ဟုပင် ပြောစမှတ် တွင်လေသည်။

အချုပ်အားဖြင့် ရွှေစာရံဘုရားပွဲတော်သည် မေတ္တာတရားကြီးမားသူ ဘုရားအမ စောမွန်လှ၏ နယ်မြေဖြစ်ခြင်းကြောင့် ဘုရားနယ်နိမိတ်အတွင်း ဘေးအန္တရာယ် ကျရောက်မှုမရှိခြင်း၊ တောင်ပေါ်မြေပြန့်သွေးချင်းတို့ ဆုံဆည်းရာမြေတွင် ရောင်းဝယ်ဖောက်ကားမှုပြုရင်း ဘုရားလည်းဖူးနိုင်သောကြောင့် 'ပွဲကြည့်၊ မုန့်စား၊ ပျော်ပါး၊ ရောက်ပြန်' ဆိုသော သာမန်ပွဲမျိုးမဟုတ်သော သမိုင်းအစစ်အမှန် ရွှေစာရံဘုရားပွဲတော်အကြောင်းကို ရေးသားတင်ပြလိုက်ပါသည်။

**ကိုးကား –**

- **သီပေါကိုလတ်၏ သမိုင်းဝင်သစ္စာအဓိဋ္ဌာန် ရွှေစာရံစေတီတော်မြတ်ကြီး၏ ဘုရားသမိုင်း (သန်းနိုင်စိုး)**
- **မြန်မာပြည်ရှိ ရှေးဟောင်းဘုရားစေတီပုထိုးများ(မြတ်မင်းလှိုင်)**
- **(၂၆-၁၀-၂၀၁၈)ထုတ် မန္တလေးနေ့စဉ်သတင်းစာ**
- **ထန်းရွက်ပုတီး သီချင်း (စိန်တင်ဟန်)**

ခိုင်ခန့် (အမရပူရ)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Steven Yeun ၏ Beef Season 2 ထွက်ရှိလာ

၂၀၂၃ခုနှစ်တွင် ထွက်ရှိထားသည့် A24 ကုမ္ပဏီ၏နက်ဖလစ် ရုပ်ရှင် Beef သည် (၇၅) ကြိမ်မြောက်ရုပ်သံအစီအစဉ်နှင့်ဇာတ်လမ်းတွဲဆိုင်ရာ ထူးချွန်ဆုပေးပွဲတွင် Enmys ဆု ရှစ်ဆုရရှိခဲ့ပြီး အပိုင်းနှစ် ဆက်လက်ထွက်ရှိလာမည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားကို တောင်ကိုရီးယား ဒါရိုက်တာလီဆောင်ဂျင်းကရေးသားရိုက်ကူးခဲ့ပြီး သရုပ်ဆောင် စတီဗင်ယွမ်နှင့် အလီဝေါင်တို့ အဓိကပါဝင်သရုပ်ဆောင်ထားသည့် အပိုင်းတစ်ကို ပရိသတ်အားပေးထားကြသည်။

အစောပိုင်းတွင် တရားဝင်ထုတ်ပြန်ခြင်းမရှိသေးဘဲ ယခုအချိန်မှ အပိုင်းနှစ်ကို တရားဝင်အတည်ပြုခဲ့ပြီး အလုပ်သမားစုံတွဲနှင့် အလုပ်ရှင်စုံတွဲကြား ရှုပ်ထွေးမှုများကို ရိုက်ကူးပြသထားရာ သရုပ်ဆောင် ကာရေးမူလီဂန်၊ ချာလီမက်တန်နှင့်ကာလီစပန်နီတို့နှင့်အတူ ဖန်တီးပုံဖော်ထားသည်။ (SKY)



## ကွန်ပျူတာသက်ဆိုင်သော ဖန်တီးမှုများအတွက် ဒီအင်န်အေကို လက်တွေ့အသုံးချလာနိုင်ဖွယ်ရှိ

တရုတ်နိုင်ငံပေကျင်းတက္ကသိုလ်မှ သုတေသီများ၏ မကြာသေးမီကတွေ့ရှိခဲ့သော သုတေသနရလဒ်တစ်ခုအရ လျှပ်စစ်စက်ကွင်းများ၏စွမ်းအားကို အသုံးပြု၍ ဒီအင်န်အေအတွင်းရှိ နိုက်ထရိုဂျင်အက်တမ်များ၏ နျူကလီးယားအမှတ်များကို ထိန်းချုပ်နိုင်သည့် နျူကလီးယားလျှပ်စစ်ပုံတင်နည်းပညာ၏ အလားအလာကို မီးမောင်းထိုးပြထားသည်။

အဆိုပါ ရလဒ်က ဒီအင်န်အေကို နောင်အနာဂတ်တွင် ကွန်ပျူတာသက်ဆိုင်သော ဖန်တီးမှုများအတွက် လက်တွေ့အသုံးချလာနိုင်ဖွယ်ရှိသည်ဟု ညွှန်းဆိုထားသည်။

အဆိုပါသုတေသီများအနေဖြင့် မော်လီကျူးဒိုင်းနမစ်ဆိုင်ရာ စမ်းသပ်ချက်များ၊ ကွမ်တမ်ဓာတုဗေဒတွက်ချက်မှုများနှင့် သီအိုရီဆိုင်ရာခွဲခြမ်းစိတ်ဖြာမှုများကိုပေါင်းစပ်၍ သုတေသနပြုလေ့လာခဲ့ခြင်း ဖြစ်သည်။

ပရိုတွန်နျူကလီးယားအမှတ်များသည် နိုက်ထရိုဂျင်အက်တမ်များနှင့် အပြန်အလှန်တုံ့ပြန်ကာ ကွန်ပျူတာဆိုင်ရာလုပ်ဆောင်မှုများကို လွယ်ကူစွာဆောင်ရွက်ပေးလာနိုင်ဖွယ်ရှိကြောင်း သိရသည်။ (SCI)

## Park Hyung Sik က Twelve လျှို့ဝှက်ဆန်းကြယ်ဇာတ်လမ်းတွဲတွင် ပါဝင်ထား



စူပါဟီးရိုးဇာတ်လမ်းတွဲသစ် Twelve လျှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းတွဲတွင် မာဒုံဆွတ်နှင့်အတူ ပတ်ဟွမ်ဆစ်ပါဝင်ထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားမှာ မကောင်းဆိုးဝါးများနှင့် ၁၂ လရာသီခွင်များကို အခြေခံရိုက်ကူးထားသည့် လျှို့ဝှက်ဆန်းကြယ်သဘာဝလွန်ဇာတ်လမ်းတွဲဖြစ်ကာ အက်ရှင်သရုပ်ဆောင် မာဒုံဆွတ်နှင့်အတူ ပတ်ဟွမ်ဆစ်လည်း ပါဝင်ထားသည်။

ပတ်ဟွမ်ဆစ်သည် သရုပ်ဆောင်၊ အဆိုတော်၊ အစီအစဉ်တင်ဆက်သူလည်းဖြစ်ပြီး အနုပညာရှင်များဖွဲ့စည်းထားသည့် Wooga Squad အဖွဲ့ဝင်လည်းဖြစ်ပြီး မှတ်တမ်းသတင်း၊ ခရီးသွားအစီအစဉ်များတွင် ပါဝင်ထားသည်။

ပတ်ဟွမ်ဆစ်ပါဝင်ထားသည့် ဇာတ်ကားများ ပရိသတ်အကြိုက်တွေ့ခဲ့ကြကာ Twelve လျှို့ဝှက်ဆန်းကြယ်ဇာတ်လမ်းတွင် မာဒုံဆွတ်နှင့်အတူ မြင်တွေ့ရမည်ဖြစ်သည်။ (SKY)

## Kim Ri Eul ဖက်ရှင်ဒီဇိုင်နာ (BTS,Big Bang) ကြွေလွင့်သွားခဲ့

အသက်(၃၂)နှစ်နှင့် ဖက်ရှင်ဒီဇိုင်နာကင်ရီအွန်းသည် ဘီတီအက်စ်နှင့်ဘစ်ဘန်အပြင် အခြားကေပေါ့ပ် အနုပညာရှင်များ၏ ဖက်ရှင်ဒီဇိုင်နာလည်းဖြစ်ကာ အောင်မြင်ကျော်ကြားမှုများ ပိုင်ဆိုင်ခဲ့ပြီး ရုတ်တရက် ကြွေလွင့်သွား၍ ပရိသတ်နှမြောတသမဆုံးဖြစ်နေကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကင်ရီအွန်းသည် ဘီတီအက်စ်အဖွဲ့၏ Hanbok ရိုးရာဝတ်စုံကို ဖန်တီးခဲ့ပြီး ပရိသတ်ကြားကျော်ကြားခဲ့ကာ ဘစ်ဘန်အဖွဲ့ဝင်များအတွက်လည်း အလန်းဆုံးဖက်ရှင်များကို ဖန်တီးပေးခဲ့သူဖြစ်သည့်အပြင် ကေပေါ့ပ်အနုပညာရှင်များစွာ၏ ဖက်ရှင်စတိုင်လ်ကို တာဝန်ယူထားသူဖြစ်၍ ပရိသတ်များက နှမြောတသနေကြသည်။

ဖက်ရှင်ဒီဇိုင်နာ ကင်ရီအွန်းသေဆုံးရခြင်းနှင့် ပတ်သက်၍ သတင်းအတိအကျ ထုတ်ပြန်ထားခြင်းမရှိ၍ စိတ်ဝင်စားသော သတင်းတစ်ခုအဖြစ် လူပြောများခဲ့သည်။ (SKY)






## Kendrick Lamar က Grammy ဆုကြီး ၅ ဆုရပြီး အသရေဖျက်မှုနှင့် တရားစွဲခံရ

ဂရမ်မီဆုပေးပွဲတွင် ဂျင်းဝမ်းဆက်နှင့် ဂီတဆုကြီး၊ ငါးဆုသိမ်းပိုက်ခဲ့သော ကန်ဒရစ်လာမာသည် ဆုရရှိပြီးနောက် ဒရိတ်က အသရေဖျက်မှုနှင့် တရားစွဲဆိုထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကန်ဒရစ်လာမာနှင့် ဒရိတ်တို့ အပြန်အလှန်ဂီတအယ်လ်ဘမ်များ ထုတ်လုပ်ထားကြပြီး ဒရိတ်ကို စပ်ဆိုထားသည့် Not Like Us မှာ ဂရမ်မီဆုရရှိခဲ့ကာ Super Bowel တွင် လူကြည့်အများဆုံးဖြစ်ခဲ့သည်။

ဒရိတ်၏ပရိသတ်များက ကန်ဒရစ်လာမာကို အခဲမကျေဖြစ်နေကြကာ လက်ရှိတွင် ဒရိတ်က အသရေဖျက်မှုနှင့် တရားစွဲဆိုထားသည်။

အမေရိကန်ဂီတလောကတွင် အပြိုင်အဆိုင်များ ရှိခဲ့ကြပြီး၊ အနုပညာရှင်များအချင်းချင်း ဂီတနှင့်တိုက်ခိုက်မှုများအပေါ် ပရိသတ်များ နားမလည်နိုင်အောင်ဖြစ်ခဲ့ကြရသည်။ (SKY)

## BlackPink မှ Lisa@ Lalisa က The White Lotus Premiere Show သို့ တက်ရောက်ခဲ့

ဘလက်ပင့်ခ်အဖွဲ့ဝင် လီဆာ (ခေါ်)လာလီဆာ ထိုင်းလူမျိုးကေပေါ့ပ်အနုပညာရှင်က The White Lotus Premiere Show ပွဲသို့ ဖက်ရှင်စတိုင်လ်သစ်နှင့် တက်ရောက်လာသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အေးချမ်းမှု အလှတရားနှင့် အဆိုပါပွဲတော်နှင့်လိုက်ဖက်အောင် စီစဉ်ပေးထား၍ လီဆာကပန်းလေးများ ကိုင်ဆောင်၍ စတိုင်လ်အသစ်နှင့် တက်ရောက်လာ၍ ပရိသတ်ကြား ရေပန်းစားခဲ့သည်။

လီဆာသည် တစ်ကိုယ်တော်ဂီတအတွက် ပြင်ဆင်နေရုံသာမက သရုပ်ဆောင်အဖြစ်လည်း စတင်ခြေလှမ်းနေပြီဖြစ်ရာ အနုပညာလုပ်ငန်းများနှင့် ပရိုမိုးရှင်းများ၊ အင်တာဗျူးများနှင့် မအားလပ်သည့်ကြားမှ ယင်းရှိုးပွဲသို့ လော့အိန်ဂျလိစ်ထိလာ၍ တက်ရောက်ခဲ့သည်။ (SKY)



## Noah Centineo ပါဝင်ထားသည့် The Perfect Date လူငယ်များကြား ရေပန်းစား

မင်းသားချောNoah Centineo ပါဝင်ထားသည့်The Perfect Dateရုပ်ရှင်မှာ အထက်တန်းကျောင်းသားလေး ဘဝကို အခြေပြုရိုက်ကူးထား၍ လူငယ်များကြားရေပန်းစားခဲ့ကြောင်း ရိုတေးရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ငယ်ရွယ်ချောမောသည့် အသက်(၁၈)နှစ်အရွယ် အထက်တန်းကျောင်းသားလေးဘဝကို တင်ပြထားသည့် အဆိုပါဇာတ်ကားတွင် မိတဆိုးလေးဖြစ်ပြီး ဘဝကိုအရှုံးပေးထားသည့် ဖခင်နှင့်နေထိုင်ကာ ရည်မှန်းချက်ကြီးမားပုံအကြောင်း ရိုက်ကူးတင်ပြထားသည်။

အကောင်းဆုံး ကားကို စီးချင်ပြီး အကျော်ကြားဆုံး မိန်းကလေးနှင့်တွဲချင်ကာ၊ အကောင်းဆုံးကျောင်းတက်ချင်၍ ရည်မှန်းချက်အတိုင်းကြိုးစားရာမှ ကမောက်ကမပေါင်းစုံနှင့် ကြုံဆုံရပုံကို လူငယ်များအကြိုက် တင်ဆက်ပြသထား၍ လူငယ်များကြား ရေပန်းစားသောဇာတ်ကား ဖြစ်ခဲ့သည်။ (SKY)



## ကျောက်ကပ်သွေးသန့်စင်ဌာန၏ အကြိမ်(၅၀၀)ပြည့် ကျောက်ကပ်သွေးသန့်စင်ခြင်း အလှူငွေပေးအပ်ခြင်းနှင့် (၁၀/၂၀၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**သရက် မတ် ၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ကျောက်ကပ်သွေးသန့်စင်ဌာန၏ အကြိမ်(၅၀၀) ပြည့် ကျောက်ကပ်သွေးသန့်စင်ခြင်း အလှူငွေပေးအပ်ခြင်းနှင့် (၁၀/၂၀၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်းကို ယမန်နေ့ မွန်းလွဲ ၂နာရီက ခရိုင်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့သည်။



အဆိုပါ အစည်းအဝေးတွင် သရက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးစိုးလှမြင့်က အဖွင့်အမှာစကားပြောကြားပေးခဲ့ပြီး အထူးကုဆရာဝန်(ဆေးပညာ) ဒေါက်တာရဲကျော်မိုးက အကြိမ်(၅၀၀)ပြည့်မြောက်သည်အထိ အောင်မြင်စွာ ကျောက်ကပ်သွေးသန့်စင်နိုင်ခဲ့ခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပြောကြားပေးခဲ့သည်။

ထို့နောက် ခရိုင်ပြည်သူ့ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ဌာနမှ တာဝန်ခံအထက်တန်းသူနာပြုဆရာမဒေါ်မီးမီးဇော်က လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများအား ရှင်းလင်းပေးခဲ့ပြီး ခရိုင်ပြည်သူ့ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ဌာနအတွက် အလှူရှင်များက အလှူငွေများပေးအပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၂) ဦးစိုးလှမြင့် တာဝန်ရှိသူအသီးသီးက လက်ခံပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ဇော်ထက်(သရက်)**



## ပြည်သူ့စစ်မှုထမ်း ဥပဒေ၊ နည်းဥပဒေ ချပြရှင်းလင်း

**ကံမ မတ် ၂**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေချပြ ရှင်းလင်းပွဲကို မြို့နယ်ခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ခံအရာရှိများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအုန်းဌေးက အမှာစကားပြောကြားပြီးနောက် မြို့နယ်ရဲတပ်ဖွဲ့ ဒုရဲမှူးကျော်နိုင်ဦးနှင့် ဒုတိယဥပဒေအရာရှိ ဒေါ်မေသော်တာနိုင်တို့က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ဝမ်းထွန်း(အောင်လံ)**

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (စာစစ်ဌာန)တွင် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**တောင်တွင်းကြီး မတ် ၂**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနကျောင်း (၂)ခု ရှိသည့်အနက် ယနေ့နံနက် ၇နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(စာစစ်ဌာန)တွင် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး ကျောင်းပတ်ဝန်းကျင် သာယာလှပရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ စုစုပေါင်း ၄၆ဌာနမှ ဝန်ထမ်းများ စုပေါင်း၍ သန့်ရှင်းရေးများ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ကျောင်းဝန်းအတွင်းရှိ ချုံနွယ်များနှင့် အမြင်မတင့်တယ်သည့် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် ဓာတ်ကြိုးများ၊ ပလပ်ခုံများ စစ်ဆေးခြင်းနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးပစ္စည်းများကို အသင့်အသုံးပြုနိုင်ရေး ကောင်းမွန်ခြင်း ရှိ၊မရှိ စစ်ဆေးခြင်း၊ စွန့်ပစ်အမှိုက်များ ကောက်ယူခြင်း၊ အမှိုက်လှဲခြင်း၊ ကျောင်းတွင်း စာသင်ခန်းများအား သန့်ရှင်းရေးဆောင်ရွက်ခြင်း လုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက အဖွဲ့ပိုင်မော်တော်ယာဉ်ဖြင့် စနစ်တကျ သယ်ယူစွန့်ပစ်ပေးခဲ့ကြောင်း သိရပြီး အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ မြို့နယ်အတွင်းရှိ ဌာန ၄၆ဌာနမှ ဝန်ထမ်းစုစုပေါင်း ၁၁၀ ဦးဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**နောင်နောင်(ဗိသနိုးမြေ)**



## အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးနံရံကပ်စာစောင် ပြသ

**ပခုက္ကူ မတ် ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပခုက္ကူမြို့၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ယမန်နေ့ မွန်းလွဲ ၂နာရီက လူငယ်ရေးရာအသိပညာပေးနံရံကပ်စာစောင် ကွင်းဆင်းပြသသည်။

ထိုသို့ပြသရာတွင် ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာနှင့်ဝန်ထမ်းများက လူငယ်ရေးရာဆိုင်ရာ ကျင့်ဝတ်စံနှုန်းများ၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်အောင်မြင်ရေး၊ စာဖတ်ခြင်း၏အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ စာဆိုပညာရှင်များ၏အဆိုအမိန့်များ၊ မူးယစ်ဆေးဝါးအန္တရာယ်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအသိပညာပေး နံရံကပ်စာစောင်များ ကွင်းဆင်းပြသကြရာ ပခုက္ကူမြို့၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ခင်မိုးမြင့်နှင့်ဆရာမများ၊ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ်(၉) သင်တန်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(၃၄၀)

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး။

## မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို နောင်လာနောက်သား ကလေးငယ်များက လက်ဆင့်ကမ်း ထိန်းသိမ်းကြရမည်

**ပွင့်ဖြူ မတ် ၂**

မြန်မာနိုင်ငံတွင် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များစွာရှိပေရာ မြန်မာ့ရိုးရာအတာသင်္ကြန်၊ မြန်မာ့ရိုးရာသနပ်ခါး၊ ရိုးရာယဉ်ကျေးမှုဖြင့် ဝတ်စားဆင်ယင် ထုံးဖွဲ့ခြင်း၊ ရိုးရာဂီတ၊ မြန်မာ့ရိုးရာ အားကစားများနှင့် ဘုရား၊ ကျောင်း၊ ကန်၊ စေတီပုထိုးများ၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ရိုးရာလက်မှုအနုပညာများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များပင် ဖြစ်သည်။

ထိုရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို နောင်လာနောက်သားကလေးငယ်များက မတိမ်ကောမပပျောက်အောင် ထိန်းသိမ်းကြရမည်။ရိုးရာအမွေအနှစ်ဟူသည် စံထိုက်မှ စံ၊ အမွေဆက်ခံထိုက်မှ ဆက်ခံကြရသည်။ အမွေဆက်ခံသူက ကိုယ်ရယူရမယ့်အမွေကို မြတ်မြတ်နိုးနိုးနဲ့ ခုံမင်နှစ်သက်စွာ ရယူပြီး၊ တန်ဖိုးထားပါမှ ရိုးရာအမွေအနှစ်ဟာ ကိုယ့်ဆီမှာ နှစ်ပရိစ္ဆေဒကြာမြင့်စွာ တည်တံ့နေပေမည်။

ထို့အတူ ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာမှ ကလေးငယ်များထားရှိသည့် မြန်မာ့ရိုးရာအမွေအနှစ်တစ်ခုဖြစ်သော ဆံကေသာဆံရစ်ဝိုင်း အလှမှာ ရှေးနှစ်ပေါင်း ၂၀၀ ကျော်မှ ယနေ့တိုင် အထင်အရှား တည်ရှိကာ မြတ်မြတ်နိုးနိုးဖြင့် လက်ဆင့်ကမ်း ထိန်းသိမ်းလျက်ရှိကြသည်။



ထို ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းထားကြသော ကျေးလက်တောရွာများမှ မောင်၊ မယ်လေးများ၏ ဆံရစ်ဝိုင်းပုံ ဆံပင်ပုံစံများ၏ ယဉ်ကျေးသိမ်မွေ့၍ ကျက်သရေရှိခြင်းက Online မီဒီယာလောကမှ ကမ္ဘာသို့ပျံ့နှံ့ကာ လာရောက်လေ့လာ ကြည့်ရှုရတဲ့အထိ ချစ်စရာကောင်းသည့် ဓလေ့များပင် ဖြစ်ပေသည်။ ထိုကဲ့သို့ ရှေးခေတ်မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးပြသနေသော ဆံပင်ပုံစံနှင့် လျော်ညီသည့် ဆံရစ်ဝိုင်းအလှကို ဆက်လက်ထိန်းသိမ်းထားကြသူများမှာ ရှားရှားပါးပါး မြန်မာနိုင်ငံတွင် ကျေးရွာသုံးရွာသာရှိပြီး မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ် ခံစပ်ကုန်းရွာ၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် စက်စက်ယိုကျေးရွာနှင့် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာမှ ကလေးငယ်များပင် ဖြစ်ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၅၀၄)

# ရှင်အပါး ၃၀၀ စုပေါင်းရှင်ပြုပွဲ ကျင်းပမည်

နှစ်စဉ် ကျင်းပမြဲဖြစ်သော စောမွန်လှဆွေတော်မျိုးတော်များ၏ ရှင်အပါး ၃၀၀ စုပေါင်းရှင်ပြုပွဲကြီးကို မကြာမီ ကျင်းပတော့မည် ဖြစ်သည်။ နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒသည် စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ခရစ်သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့၍ ခရစ်သက္ကရာဇ် ၂၀၀၆ ခုနှစ်မှ စတင်ကာ ကျောင်းသားမိဘများ၊ သားရှင်၊ သမီးရှင် ဗုဒ္ဓဘာသာဖြစ်သော မြန်မာလူမျိုးများအနေဖြင့် သာသနာ့အမွေကို ခံယူထိုက်စေရန်အတွက် ရည်ရွယ်၍ စုပေါင်းရှင်ပြုပွဲကြီးကို ကျင်းပခဲ့ခြင်း ဖြစ်သည်။

စုပေါင်းရှင်ပြုပွဲကြီးကို ပထမနှစ်တွင် ရှင်အပါး ၅၀မှ စတင်ခဲ့ပြီး သုံးလေးနှစ်အတွင်း ရှင်အပါး ၁၀၀၊ ရှင်အပါး ၂၀၀ စသည်ဖြင့် ကျောင်းသားမိဘများ၏ လိုအပ်ချက်အရ တိုးချဲ့ဆောင်ရွက်ခဲ့ရာ ရှင်အပါး ၃၀၀ အထိ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

ယခုအခါ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ နဂါးကိုးကောင်ဆရာတော်၏ ဦးစီးမှုဖြင့် စောမွန်လှ ဆွေတော်မျိုးတော်များ၏ (၁၉)ကြိမ်မြောက် ရှင်အပါး ၃၀၀ စုပေါင်းရှင်ပြုပွဲကြီးကို လာမည့် တပေါင်းလပြည့်ကျော် ၇ ရက်၊ ၂၀၂၅ ခုနှစ် မတ် ၂၀ ရက်တွင် အလှူဝင်နေ့တွင် ချပ်ဝတ်တန်ဆာအပြည့်အစုံဖြင့် မြင်းများ၊ ရွှေလှည်းယဉ်၊ ငွေလှည်းယဉ်များ ခြံရံကာ မင်းမြောက်တန်ဆာဆင်ယင်အပ်သော ရှင်သာမဏေလောင်းများ၊ နားထွင်းများကို မင်းခမ်းမင်းနားဖြင့် လှည့်လည်ပြီး ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် သာသနာ့ဘောင်တွင်း သွတ်သွင်းချီးမြှောက်လျက် ဧည့်ပရိသတ်အပေါင်းအားလည်း စတုဒိသာ ကျွေးမွေးဧည့်ခံမည် ဖြစ်သည်။

တပေါင်းလပြည့်ကျော် ၈ ရက်၊ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက် နံနက်တွင် အလှူကြီးဧည့်ခံပွဲပြုလုပ်လျက် ရေစက်သွန်းချ သာသနာ့အမွေ ခံယူစေမည်ဖြစ်ပါ၍ ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော်များ သာသနာ့အမွေခံ အလှူရှင်ဒါယကာ၊ ဒါယိကာမများအနေဖြင့် ရှင်တစ်ပါးလျှင် ငွေကျပ် ၉၀,၀၀၀ နှုန်းဖြင့် ဖုန်း ၀၉-၄၀၂၅၉၈၃၅၁၊ ၀၉-၄၀၂၅၇၆၄၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်လျက်ရှိကြောင်း သိရသည်။

(ကဆ)



# မင်းဘူးခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်း ဖွင့်လှစ်သင်ကြားပို့ချ

**မင်းဘူး မတ် ၂**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်အတွင်း၌ သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့လာပါက အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းကို ဖေဖော်ဝါရီ ၂၈ ရက်မှစတင်ပြီး ခရိုင်မီးသတ်ဦးစီးဌာနရုံး၌ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးပြီး သင်တန်းသားတပ်ဖွဲ့ဝင်များအား ရှာဖွေကယ်ဆယ်ရေးဝတ်စုံများပေးအပ်၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသုံးပစ္စည်းများနှင့် မြို့ဧရိယာကို စောင့်ကြည့်လွှမ်းခြုံနိုင်သော မီးဘေးလုံခြုံရေးကင်မရာ (Commond and Control Room) ဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးသည်။

မင်းဘူးခရိုင် မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်းတွင် ခရိုင်နှင့်မြို့နယ်အတွင်းရှိ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင် သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ပြီး မိမိတို့ ဒေသအတွင်း သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့လာပါက အရေးပေါ် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်စေရန် ရှာဖွေကယ်ဆယ်ရေးစွမ်းရည်များ တိုးတက်မြင့်မားရေး၊ ခေတ်မီအဆင့်မြင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး စသည့် သင်ခန်းစာများဖြင့် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁၀ ရက်အထိ စာတွေ့၊ လက်တွေ့ လေ့ကျင့်ခန်း ဘာသာရပ်များဖြင့် စနစ်တကျ ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၅၀၀)

*-*-*-*-*-*-*

# တက္ကသိုလ်ဝင်တန်း စာစစ်ဌာနဆောင်ရွက်မည့် ကျောင်းများသို့ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်



**မန္တလေး မတ် ၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့နယ်မီးသတ်ဦးစီးဌာနသည် မတ် ၁ ရက် နံနက် ၁၀နာရီက တက္ကသိုလ်ဝင်တန်း စာစစ်ဌာန ဆောင်ရွက်မည့် အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ မီးဘေးကြိုတင်ကာကွယ်နိုင်ရေးလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ချမ်းမြသာစည်မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးထင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနအဖြစ် ဆောင်ရွက်မည့် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃၀)အခြေခံပညာအထက်တန်းကျောင်း၊အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်းများရှိ သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံ၍ မကြာမီကာလတွင် ဖြေဆိုကျင်းပတော့မည့် တက္ကသိုလ်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် မီးလောင်မှု၊မီးလန့်မှုများ မဖြစ်စေရေး မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ထုတ်ပြန်ထားသော မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို သိရှိလိုက်နာနိုင်ရန် ဆွေးနွေးပြောကြားခဲ့ပြီးနောက် စာသင်ခန်းများတွင် တပ်ဆင်အသုံးပြုထားသော လျှပ်စစ်မီးကြိုးများ၊ မီးသီးများနှင့် လျှပ်စစ်မိန်းခုံများ ကြံ့ခိုင်ကောင်းမွန်မှုရှိ၊မရှိနှင့် အရေးပေါ်မီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများ အသင့်အနေအထား အသုံးပြု၍ ရ၊ မရ၊ ရေလှောင်ကန်များတွင် ရေဖြည့်တင်းဆောင်ရွက်ထားမှု ရှိ၊မရှိ စသည့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ယာပုံ) ချမ်းမြေ့

# မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲ ကျင်းပ

**ကျိုင်းတုံ မတ် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ကျိုင်းတုံမြို့နယ် မီးသတ်ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၅)ဆင်းပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူက ရှာဖွေကယ်ဆယ်ရေးသင်တန်း (၁/၂၀၂၅)သို့ တက်ရောက်ခဲ့သည့် သင်တန်းသားများကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၈ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားခဲ့ပြီဖြစ်၍ သင်တန်းက ရရှိသည့် အတွေ့အကြုံများကို စဉ်ဆက်မပြတ် လေ့လာလေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက နည်းစနစ်ကျကျ လက်တွေ့အသုံးချပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ စွမ်းစွမ်းတမံဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်မီးသတ်ဦးစီးအရာရှိတို့က သင်တန်းသို့ တက်ရောက်ခဲ့သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့ဝင်များမှ သင်တန်းသား ၅၀ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်က ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ (၀၅၇)

# သမိုင်းဝင် ရှင်ပင်စက်ကျိန်းတဲဘုရား ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မင်းဘူး မတ် ၂**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ ရွှေစက်တော်ဘုရားပွဲရာသီတွင် ဘုရားဖူးလာပြည်သူများ သန့်သန့်ရှင်းရှင်းနှင့် အေးချမ်းစွာ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဌာနပေါင်းစုံ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို မတ် ၁ ရက် နံနက် ၇ နာရီက အမှတ်(၁)ရပ်ကွက်ရှိ စက္ကိန်းတဲဘုရား ပရိဝုဏ်အတွင်း စုပေါင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ရပ်နီး၊ ရပ်ဝေးမှ ဗုဒ္ဓဘာသာဝင် သူတော်စင်များနှင့် ဒါနကုသိုလ်ပြုလိုသူများ သန့်သန့်ရှင်းရှင်း၊ အေးအေးချမ်းချမ်းဖြင့် ကြည်ညိုသဒ္ဓါပွားနိုင်ကြရန် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်များပေါက်ခြင်းအမှိုက်သရိုက်ရှင်းလင်းခြင်းတို့ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ အမှတ်(၁)အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များအပြင် မြို့မိ၊ မြို့ဖများ စုပေါင်းကာ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြသည်။

အဆိုပါ သန့်ရှင်းရေးဆောင်ရွက်မှုကို မင်းဘူးမြို့ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင်နှင့် စီမံအဖွဲ့ဝင်များက ကြီးကြပ်အားပေးကာ အဖွဲ့ဝင်အင်အား ၁၀၀ ခန့်ဖြင့် ဆောင်ရွက်ခဲ့ကြပြီး ထိုကဲ့သို့ သန့်ရှင်းရေးပြုလုပ် ဆောင်ရွက်ခြင်းကို အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်လျက်ရှိကြကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

(၅၀၄)

*-*-*-*-*-*-*

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို...

❖ နိုင်ငံတော်ကချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့တွင် ကျင်းပသည့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား တက်ရောက်



ပုသိမ် မတ် ၂

(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တောင်သူလယ်သမားနေ့ အခမ်းအနား မုခ်ဦးဆိုင်းဘုတ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် စိုက်ပျိုးပြသထားသည့် အိမ်ခြံဝင်း ဟင်းခင်းပဒေသာ (Home Garden)၊ သစ်သီးဝလံပန်းမန် ဥယျာဉ်ကို လှည့်လည်ကြည့်ရှု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့လာရောက်လေ့လာသည့် ရုရှားသံရုံးမှ တာဝန်ရှိသူတစ်ဦး၊ RUMA ORGANIC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးတို့နှင့် တွေ့ဆုံပြီး ရုရှားရွက်ဖျန်းမြေဩဇာနှင့် ရုရှားနေကြာမျိုးများနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးသည်။

ယင်းနောက် သဘာဝအပင်အာဟာရဆေးရည်များ၊ သဘာဝပိုးသတ်ဆေးများ၊ ပင်ကြား(၉)လက်မ၊ တန်းကြား ၂ ဒသမ ၅ ပေ စိုက်ပျိုးထားသည့် Super Sun-41 နေကြာစိုက်ခင်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဖတ်ကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် မြောင်းမြပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူများ၏ ကျေးလက်ရိုးရာအက၊ တူယှဉ်နွဲပျော် ဂီတပွဲတော် Winner ဆုရှင် မဇင်သူသူထွန်း၏ တောင်သူလယ်သမားနေ့ ဂုဏ်ပြုတေးသီချင်း၊ မြောင်းမြခရိုင် ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ကရင်ရိုးရာအက၊ တူယှဉ်နွဲပျော် ဂီတပွဲတော် Winner ဆုရှင် မောင်စိုးထက်အောင် တို့၏ တေးသီများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် စိုက်ပျိုးမွေးမြူရေး ထူးချွန်ဆုရရှိသူများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုကိုကြည့်ရှုအားပေး၍ ထူးချွန်ဆုရ တောင်သူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးတို့သည် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအကအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ပြခန်းများနှင့် လက်ဆွဲကောက်စိုက်စက်၊ ခြောက်တန်းသွား ကောက်စိုက်စက်နှင့် ၁၀ တန်းသွား မျိုးစေ့ချစက်တို့ဖြင့် သရုပ်ပြစပါးစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် တောင်သူများနှင့် လက်ရည်တစ်ပြင်တည်း နေ့လယ်စာ အတူတကွ သုံးဆောင်ကြကာ ပညာအလင်္ကာတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆုရ တောင်သူများ၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေးပွဲ Real Live Show ပြသမှုများကို တက်ရောက်အားပေးပြီး စာတမ်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယနေ့ကျင်းပသည့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနက ပြသထားသည့် သီးနှံစုံစိုက်ခင်းများ၊ ငါးလုပ်ငန်းဦးစီးဌာနက ငါးမွေးကန်များ၊ စက်မှုလယ်ယာဦးစီးဌာနက လက်ဆွဲကောက်စိုက်စက်၊ ခြောက်တန်းသွားကောက်စိုက်စက်နှင့် ၁၀ တန်းသွား မျိုးစေ့ချစက်တို့ဖြင့် သရုပ်ပြစိုက်ပျိုးခြင်းများ စိုက်ပျိုးပြသထားရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME ဖွံ့ဖြိုးရေး သုတေသနပြခန်းများ အပါအဝင် ပြခန်းစုစုပေါင်း ၅၁ ခန်း ဖွင့်လှစ်ပြသထားရှိကာ ပြခန်းများနှင့် ဆွေးနွေးပွဲများကို မတ် ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။ 		သတင်းစဉ်

## ပြင်သစ်လီဂူးသမိုင်းတစ်လျှောက် ၁၀ ပွဲဆက် နိုင်ပွဲရရှိသည့် ပထမဆုံးကလပ်အဖြစ် ပီအက်စ်ဂျီအသင်း မှတ်တမ်းဝင်

ပါရီ မတ် ၂

ပီအက်စ်ဂျီအသင်းသည် ပြင်သစ်လီဂူးသမိုင်းတစ်လျှောက် ၁၀ ပွဲဆက် နိုင်ပွဲရရှိသည့် ပထမဆုံးကလပ်အသင်းအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

ပြင်သစ်လီဂူးပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းသည် လိုင်လီအသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို စံချိန်မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပြင်သစ်လီဂူးပွဲစဉ် ၂၄ ပွဲကစားအပြီးတွင် ရမှတ် ၆၂ မှတ်ဖြင့် အဆင့် ၁ နေရာတွင် ရပ်တည်ပြီး အဆင့် ၂ နေရာမှ မာဆေးလ်အသင်းအား ၁၆ မှတ်ထိ ဖြတ်ထားပြီး ချန်ပီယံဖြစ်ရန်လည်း ရေပန်းစားလျက်ရှိသည်။

ထို့ပြင် ပီအက်စ်ဂျီအသင်းသည် ပြိုင်ပွဲစုံ ၂၂ ပွဲဆက် ရှုံးပွဲမရှိသည့် စံချိန်တစ်ရပ်ကိုလည်း ပိုင်ဆိုင်နိုင်ခဲ့သည်။

ပီအက်စ်ဂျီအသင်း ထုတ်ပြန်ချက်တွင် အသင်းအနေနဲ့ အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အခုလို အသင်းမှတ်တမ်းကောင်းတွေရရှိခဲ့တာကလည်း အသင်းနည်းပြနဲ့ အသင်းဖော်တွေရဲ့ စွမ်းဆောင်မှုကြောင့်ပါဟု ထုတ်ပြန်သည်။

(NGB)

၀-၀-၀-၀-၀

